www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး(၃)ပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဂန္ဓာရီစိတ္တ

## ကျွန်တော်မဟုတ်သော

# ကျွန်တော့်ကိုယ်ပွား

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၈၈၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၇၆၀၂၁၀
၂၀၁၀ ခုနှစ်၊ မတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးအောင်နိုင်၊ ရွှေအိမ်မှူးစာပေ၊ (မြ-၀၄၂၄၃)၊
အမှတ် (၂၂၁)၊ ၃၁လမ်း (ထက်)၊ ပန်းဘဲတန်း။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြသေ့ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊
သရဖီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချိရေး

◈ ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မုန့်ရဝေလမ်း၊ ဆရာစံမြောက်
အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ . ၈၃
ဂန္ဓာရီဝိဇ္ဇာ
ကျွန်တော်မဟုတ်သောကျွန်တော့်ကိုယ်ပွား/ဂန္ဓာရီဝိဇ္ဇာ။ ရန်ကုန်၊ ရွှေအိမ်မှူးစာပေ ၊ ၂၀၀၉ ။
၁၂၄ - စာ ၊ ၁၃၀ X ၂၀၇ စင်တီ။
(၁) ကျွန်တော်မဟုတ်သောကျွန်တော့်ကိုယ်ပွား

## ပါဝင်သောအခန်းစဉ်များ

(၁) မိုးတစ်ညနှင့် ဖြစ်ရပ်ဆန်းတစ်ခု
(၂) ကျွန်တော်၏ ဝန်ခံချက်များ
(၃) ကျွန်တော့်ကိုယ်ပွား ကျွန်တော့်ကိုယ်စား
(၄) ကျွန်တော်နှင့် ကျွန်တော့်မိတ္တေး
(၅) ကျွန်တော်နှင့် တစ်ကောင်ကြွက်ကလေး၏အကျွာအဝေး
(၆) မိန်းမလှလေး၏ အ,သုဘ
(၇) ဇာတ္တမလေးနှင့် ကျွန်တော်တို့နှစ်ယောက်
(၈) ပြဿနာတက်တဲ့ည
(၉) မှာပုံတော်ပွင့်ခဲ့ခြင်း
(၁၀) ဖောက်ထွင်းခိုးယူသွားသူ
(၁၁) ချစ်သူတစ်ယောက် ကောက်ရခဲ့ခြင်း
(၁၂) အဖြစ်အပျက်၊ အပြောင်းအလဲ၊ အနေအထား
(၁၃) ကြေကွဲမိတ်များနှင့်ထပ်တူ
(၁၄) အကွက်ကျကျ စီစဉ်ခဲ့သူ
(၁၅) ကျွန်တော်မဟုတ်သော ကျွန်တော့်ကိုယ်ပွား

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁) မိုးတစ်ညနှင့်ပြစ်ရပ်ဆန်းတစ်ခု

အချိန်အခါမဟုတ် ရွာသွန်းလိုက်သောမိုးမှာ အလွန်ပင် အားကောင်းမောင်းသန်နိုင်လှပါသည်။ ညနေစောင်းကတည်းက သည်းသည်းမည်းမည်း ရှိခဲ့သောမိုးမှာ ယခုဆိုလျှင် (၈)နာရီနီးပါး ပင်ရှိတော့မည်။ မစဲချင်သေး။ မတိတ်ချင်သေး။ ခပ်စွေစွေ ခပ် ပေပေဖြင့် ရှိနေဆဲ။

ရုတ်တရက် မုန်တိုင်းဝင်ရောက်လာလို့များလား။

အပူနှင့်အအေးကြား ပဋိပက္ခတင်းမာစွာဖြင့် ထစ်ချုန်း လိုက်သော မိုးခြိမ်းသံတို့မှာ အက်အက်ကွဲကွဲ။

''ဂျိမ်း''

ဝါလကင်းလွတ် သီတင်းကျွတ်လိုလမျိုးသို့ ရောက်နေ သည့်တိုင် ပန်းနှင့်အညှိနိုင်သောရာသီက ပစ္စုပ္ပန်ကာလကို မထေ မဲ့မြင်ပြုနေသလိုပင်။

---

ဒုရင်းအောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူကုန်တန်များနေထိုင်ရာ ရပ်ကွက်အတွင်းမှ ခေတ်မီမီ လှပသေသပ်သည့် တိုက်ပုလေးတစ်လုံး။ ဗိသုကာလက်ရာမှာ ဆန်းဆန်းသစ်သစ်။

မကြာသေးမီကမှ ဆောက်လုပ်ပြီးစီးသွားသည်မို့ သစ်လွင်သော တောက်ပမှု ထုံးမွှမ်းမှုတို့နှင့် ပြည့်စုံနေသည်။ ထိုသို့သော အိမ်လေးဆီသို့ ထိုနေ့ကပင် မင်္ဂလာညည့်ခံပွဲ ကျင်းပခဲ့ကြသော သတို့သား ကိုကိုဇော်နှင့် သတို့သမီး မေမီလင်းတို့ ပြောင်းရွှေ့လာကြခြင်းဖြစ်သည်။ ပူပူနွေးနွေး ကြင်စဦးဇနီး၏မင်္ဂလာဦးည။

မေမီလင်းက ညည့်ခန်းအတွင်းရှိ အိစက်နေသော ဆိုဖာကြီးပေါ်တွင် တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေသည်။ စိတ်တွေက ဂဏှာမငြိမ်လှ။ တစ်ချက်တစ်ချက် ဖွင့်ထားသောခြံဝဆီသို့ လှမ်းလှမ်းမျှော်ရသည်ကလည်းအမော။

နေ့လည်က ညည့်ခံပွဲတွင် အလွန်ပင်ပန်းခဲ့သောကြောင့် ကိုယ်လက်တွေက မအီမသာ။ သို့သော် အလွန်အမင်းတော့ အိပ်ချင်စိတ် မဖြစ်သေးပါ။ ရင်လည်းနည်းနည်းခုန်နေသည်။ မိန်းမတစ်ယောက်၏ မင်္ဂလာဦးညသည် ဘယ်လောက်များ ဆွတ်ပျံ့လှိုက်မောဖွယ်ကောင်းလိုက်ပါသလဲ။

ဟုတ်သည်။

တကယ့်ကို ချိုမြိန်ဖွယ် ညလေးဖြစ်သင့်တာပေါ့။

နှစ်ဖက်မိဘ သဘောတူညီမှု၊ ခမ်းနားထည်ဝါစွာကျင်းပခဲ့သော မင်္ဂလာပွဲကြီး၊ ဆွေမျိုးမိတ်သင်္ဂဟတို့၏ သိုက်သိုက်မြိုက်မြိုက် အားပေးမှု၊ နွေးထွေးမှု၊ ပျော်ရွှင်ကြည်နူးမှုများ။ ထို့အပြင် သတို့သားလောင်း၏ ချစ်ကြင်နာမှု၊ မြတ်နိုးမှုတွေက သူမရင်ကို





ကျေနပ်ချမ်းမြေ့ခဲ့ရသည်ကတော့ အသေအချာပင်။

သူမ မောင့်ကိုအရမ်းချစ်သလို မောင်ကလည်း သူမကို အသက်ထက်မကချစ်ကြောင်း အကြွင်းမဲ့ယုံကြည်ပါသည်။ ပြည်ပတွင် နှစ်ရှည်လများ အလုပ်သွားလုပ်ခဲ့သော်လည်း သူမအပေါ် သစ္စာမမဲ့ခဲ့။

"မမလင်း ... ကျွန်မ ကော်ဖီဖျော်ပေးရဦးမလား"

အိမ်ဖော်မလေးက သူမအခြေအနေကို ရိပ်မိဟန်ဖြင့်မေးလိုက်ခြင်းဖြစ်သည်။

မိုးက အေးစိမ့်သက်နေသည်မို့ အနွေးဓာတ်တစ်ခုခုတော့ လိုအပ်ပေလိမ့်မည်။

"အင်း ... ကောင်းသားပဲ။ ဒါပေမယ့် အချိုတော့ လျှော့ထည့်နော်"

"ဟုတ်"

အိမ်ဖော်မလေး မီးဖိုဆောင်သို့ဝင်သွားတော့ သူမ ဆိုဖာပေါ်မှထကာ တံခါးပေါက်ဆီသို့ လျှောက်လာသည်။ မှန်များကာရံထားသည်မို့ အပြင်သို့ ပြတ်သားစွာ မြင်နိုင်ပါ၏။ ကားတစ်စီးတလေ၏မောင်းသွားသံကိုပင် မကြားရ။

သူမ တိုင်ကပ်နာရီကိုလှမ်းကြည့်တော့ ၈နာရီ ၄၀မိနစ် တိတိရှိပြီ။

"မောင်ကလည်းနော် ... နောက်ကျလိုက်တာ"

ညဦးပိုင်းကတည်းက သူငယ်ချင်းများဂျိုတိုက်နေ၍ စားသောက်ဆိုင်တစ်ဆိုင်သို့ ပါသွားခဲ့ခြင်းဖြစ်သည်။ သူမကတော့ သိပ်မကြိုက်ချင်။ "မောင်တစ်စက်ကလေးမှ မသောက်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းတွေကို ညွှန်ခံရုံသက်သက်ပါ . . . သိပ်ညည့်မနက်စေရပါဘူး''ဟု အတန့်တန့် တောင်းပန်နေသောကြောင့် ခွင့်ပြုလိုက်ရခြင်းဖြစ်၏။

ယခုတော့ . .

''ဒီနေ့ညမှ မိုးကရွာလိုက်တာ''

စိတ်ထဲတွင် အပြန်နောက်ကျ၍ ကသိကအောင့်အနည်းငယ်ဖြစ်ရုံကလွဲလျှင် စိတ်ဆိုးမာန်ဆိုးတော့ မဖြစ်မိပါ။ ရေချိန်ကိုက် သူငယ်ချင်းတွေ၏ အစမ္ပကြစည်မှုအောက်တွင် မောင်ကောင်းစွာ အရစ်ခံနေရမည့်မှန်း သူမ နားလည်နေပါ၏။

အိမ်ဖော်မလေး လာပေးသော ကော်ဖီပူပူကို သူမသောက်လိုက်၏။ နက်(စ်)ကော်ဖီမှ အနံ့လေးကမွှေးနေသည်။ ရင်ထဲတွင်လည်း နွေးနွေးထွေးထွေး ရှိသွား၏။

ထို့နောက် သူမ အိပ်ခန်းဆီသို့ဝင်လာခဲ့၏။ ယောက္ခမဘက်မှ အခန်းအလှဆင်သူများ စိတ်တိုင်းကျ ပြင်ဆင်ပေးသွားသည်မို့ ဒဏ္ဍာရီပုံပြင်တွေထဲမှ နတ်သမီးလေးတစ်ပါး စံမြန်းရာနေရာလို ချစ်စဖွယ်ကောင်းနေသည်။ တစ်ခန်းလုံး သူမနှစ်သက်သော အဝါနုနုအရောင်တွေက လွှမ်းမိုးနေသည်။

မင်္ဂလာခန်းဆောင် ခုတင်အိပ်ရာက ထည်ထည်ဝါဝါ။

မှန်တင်ခုံနှင့် အဝတ်အစားထည့်ဗီရိုတို့မှာ ခေတ်မီသစ်လွင်လို့နေသည်။

ခုတင်ခြေရင်းနံရံတွင် ချစ်စဖွယ်ကလေးလေးနှစ်ယောက်ပန်းချီကားကို ချိတ်ဆွဲထားပြန်တော့ သူမ ပြုံးမိရပါသေး၏။

အဝါနုရောင်လိုက်ကာတွေက လေအယိမ်းတွင် လှုပ်လှုပ်





ရှားရှား။

အခန်းထောင့်စားပွဲပေါ်တွင် မင်္ဂလာလက်ဖွဲ့ပစ္စည်းတွေက တစ်ပုံတစ်ပင်။ နှစ်ယောက်အတူတူဆုံမှ ရင်ခုန်စွာ ဖောက်ကြမည်ဟု တိုင်ပင်ထားပြီးသား။ အရောင်အသွေးမျိုးစုံ၊ ဒီဇိုင်းမျိုးစုံဖြင့် ထုပ်ပိုးထားသော လက်ဖွဲ့ဘူးလေးတွေကို သူမ လိုက်ကိုင်ကြည့်မိ၏။

''ဘာတွေဖြစ်မလဲ မသိဘူး။ လေးလိုက်တာ''

ပျင်းပျင်းရှိသည်နှင့် ဘာရယ်မဟုတ် နာမည်တွေကိုလိုက်ပတ်နေမိ၏။

''ဗိုလ်ကြီးကျော်သောင်းနှင့်ဇနီး''

''ဒေါက်တာဘုန်းခေါင်နှင့်ဒေါက်တာသီသီမင်း''

''ဦးဆွေအောင်(သဇင်ကုမ္ပဏီလီမိတက်)နှင့်ဇနီး''

ထိုအချိန်တွင် . .

ခြံဝင်းအတွင်းသို့ ခပ်တည်တည်ခပ်မှန်မှန် ဝင်လာသူတစ်ဦး။

ဦးထုပ်ကို မျက်နှာမပေါ်စေရန် ခပ်ငိုက်ငိုက်ဆောင်းထားသည်။ လောင်းကုတ်ရှည်ကြီးကို ဝတ်ဆင်ထားပြီး အနက်ရောင်ချင်းဘောင်းဘီနှင့်။

နိုင်ငံခြားကားများထဲမှ ဒုစရိုက်ကျူးလွန်တတ်သော လူဆိုး၏ ဝတ်ပုံစားပုံအတိုင်းပင်။ မိုးကထပ်မံသည်းလာပြန်လေသည်။

သို့သော် . . . ထိုသူကတော့ ဘာကိုမျှ ဂရုစိုက်သည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်မိုးပေါက်တို့အောက်တွင် လျှောက်နေဆဲ၊ လှမ်းနေဆဲ။

ပေါ်တီကိုအောက်တော့ မဝင်ပါ။ မီးများထိန်ထိန်လင်းနေ၍ ဖြစ်သည်။ တိုက်၏ အနောက်ဘက် မှောင်ရိပ်အတွင်းသို့ ခပ်သွက်သွက်ဝင်ကာ အတွင်းရှိ အခန်းများဆီသို့ လိုက်လံကြည့်နေသည်။ ဧည့်ခန်းလွန်တော့ အိပ်ခန်း။

တွေ့ပြီ။ မိန်းကလေးတစ်ယောက် လက်ဖွဲ့ပစ္စည်းများကို ကိုင်ကြည့်နေသည့် မြင်ကွင်း။ သူ ဘယ်ကိုမှဆက်မသွားတော့။ မှန်အတွင်း လိုက်ကာကြားမှ တွေ့ရသော မိန်းကလေးကိုသာ စူးစူးရဲရဲစိုက်ကြည့်နေ၏။

မေမီလင်း မှာ လက်ဖွဲ့များကို ကြည့်နေရာမှ ထူးထူးခြားခြား အပြာရောင် ပါကင်ဘူးလေးကိုတွေ့ကာ . . .

"ဟင် . . . ဘာနာမည်မှလည်း မရေးထားပါလား"

သူမ တော်တော်စိတ်ဝင်စားသွားသည်။ သေသေချာချာကြည့်တော့ ဘူးမှာ အပြာရောင်သက်သက်မဟုတ်။ အရောင်ရင့်ရင့်ဖြင့် ပိုက်ကွန်သဏ္ဌာန် ရေးဆွဲထားပါသေး၏။

"သူက ပေါ့ပေါ့လေး . . . "

သူမပြန်ချထားလိုက်ကာ နောက်ဘူးများကိုဆက်ကြည့်နေသည်။ သို့သော် စောစောက ဘူးလေးဆီပင် အာရုံရောက်သွားပြန်သည်။ သိချင်စိတ်က အမိအရငြိလာပြန်လေပြီ။ ဘာများဖြစ်နိုင်မလဲဟူသော အတွေးက လှုပ်လှုပ်ခတ်ခတ်။ ထို့နောက် ဆန္ဒအလိုကို မငြင်းဆန်နိုင်ပါပဲ လိုက်ပါမိလျက်သားဖြစ်သွားသည်။

ထို့ကြောင့် ဘူးကို စက္ကူခွာလိုက်သည်။ ထိုသို့ခွာနေစဉ်





စိတ်မှာ အလိုလိုနေရင်း လှိုက်ဖိုနေသလိုပင်။ လက်တွေကလည်း သိမသာတဆတ်ဆတ်တုန်လို့။ အတွင်းသားရှိ စက္ကူကတ်ဘူးအဖုံးကို အသာအယာဖွင့်လိုက်စဉ် . . .

"အမလေး . . . "

သူမအ အသံကျယ်ကျယ်အော်စစ်လိုက်ကာ ဘူးကိုလည်း ကြမ်းပြင်ပေါ်သို့ ယောင်ရမ်းလွှင့်ပစ်လိုက်မိ၏။

ဘူးထဲတွင် အဆိပ်အလွန်ပြင်းသော အနက်ရောင် ကင်းခြေနက်တစ်ကောင် အနီရောင်နှင်းဆီတစ်ပွင့်တို့သာဖြစ်သည်။ နှင်းဆီ ပွင့်ဖက်တို့မှာ ထိုသတ္တဝါ၏ လက်ချက်ကြောင့် ကြေကြေမွမွ။

"မမလင်း . . . မမလင်း . . . ဘာဖြစ်တာလဲဟင် ဘာဖြစ်တာလဲ.. "

သူမ၏ ထိတ်ထိတ်ပျာပျာအသံကြောင့် အိမ်ဖော်မလေး ပြေးဝင်လာသည်။

"ဟို . . . ဟို . . . ဟိုမှာ ဘာကောင်ကြီးလဲမသိဘူး"

"ဟင် . . . အဲဒါ ကင်းခြေနက် မမလင်း . . . အဆိပ် ပြင်းတယ်.. "

အိမ်ဖော်မလေးက ကရင်မို့ သတ္တဝါတော်တော်များများကိုသိနေသည်။ ထို့အပြင် သတ္တိလည်းကောင်းပါသည်။ ဟိုဟိုသည်သည်လိုက်ရှာတော့ ဖုန်သုတ်လက်တံကိုတွေ့သည်။ စဉ်းစားချိန်မရှိတော့ပါ။ လှမ်းယူလျက် ကြမ်းပြင်ပေါ်တွင် တလှုပ်လှုပ်တွားသွားနေသော အကောင်ကို ရိုက်ချလိုက်၏။

တစ်ချက်၊ နှစ်ချက်၊ သုံးချက် . . . ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကောင် မလှုပ်ရှားနိုင်တော့။ သေပြီ။

"ဒီကောင်ကိုက်မိရင် ဘာဖြစ်လဲဟင်"

"သေတယ်"

"ဘုရား . . . ဘုရား . . . ဘယ်လိုလူကများ ပို့လိုက်တာလဲ . . . "

သူမတို့လင်မယားနှစ်ယောက်ကို ဘယ်သူက သေစေချင်နေပါသလဲ။ ဘယ်လိုအငြိုးနဲ့ပါလဲ။ သူမတို့ ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့တာအမှန်ပင်။

"ငါ့ကို ရေအေးအေးလေးတစ်ခွက် အမြန်ပေးစမ်း"

သူမ ရေအေးအေးလေးတစ်ခွက်သောက်လိုက်သည်။ ကြောက်စိတ်တွေကတော့ မပျောက်သေး။ ထိုအချိန်တွင် ခြံတွင်းသို့ ဝင်လာသော ကားသံကိုကြားလိုက်ရသည်။

"ဟော . . . အစ်ကိုပြန်လာပြီ မမလှိုင်"

"တော်ပါသေးရဲ့ . . . လာ တို့ခြံတံခါးဖွင့်ပေးရအောင်"

သူတို့ တံခါးဝတွင်ရပ်နေကြသည်။

ကိုကိုဇော် ကားကို ဂိုဒေါင်ထဲထိ မောင်းသွားတာဖြစ်မည်။ ထို့ကြောင့် သူတို့စောင့်နေကြသည်။

"မိုးက သိပ်ရွာတော့ ပေါ်တီကိုအောက်မှာ ကားထားရတာ စိတ်မချလို့နေမယ် . . . "

ကိုကိုဇော်သာ သူမ အကြောင်းသိလျှင် ဘယ်လောက်များအံ့ဩနေရှာမလဲ။ စိုးရိမ်စိတ်တွေနှင့် ထိုသေဆုံးနေသော . . . သပ္ပကဝါကို စေ့စေ့စပ်စပ်ကြည့်ပေဦးတော့မည်။ ထို့နောက် သဲလွန်စကို ရှာဖွေနေဦးမလား။





ဟုတ်သည်လေ။ ဒါက အသက်အန္တရာယ်နှင့် တိုက်ရိုက်ပတ်သက်နေသည်လေ။

ကိုကိုဇော် ကားဂိုဒေါင်အတွင်းမှ တော်တော်နှင့်ပြန်ထွက်မလာ။

"ဘာများလုပ်နေလဲ မသိပါဘူး . . . မောင် . . . မောင်မောင်ရေ . . . "

ဂိုဒေါင်အတွင်းမှ တုန့်ပြန်သံမကြားရ။ တိတ်ဆိတ်နေမြဲပင်။

"မောင်. . . မောင်. . . "

သူမက တကြော်ကြော်လှမ်းခေါ်သည်။ ထူးခြားမလာ၊ ထို့ကြောင့်. . .

"လာဟယ်. . . လိုက်သွားရအောင်. . . "

မိုးက ဖွဲဖွဲလေးသာကျနေသည့်မို့ ထီးပင် မယူတော့ဘဲ ဂိုဒေါင်ဆီသို့ ခပ်သွက်သွက်လျှောက်လာသည်။ ဂိုဒေါင်ထဲတွင် မီးလင်းနေသည်။ ကားကရပ်ထားသည်။ လူတော့မရှိ။

"မောင်ဘယ်များသွားပါလိမ့် . . . "

သူမ ဟိုဟိုသည်သည်ရှာသည်။

"မောင်. . . မောင်. . . "

ကားနောက်ဆီမှ ကားရှေ့သို့ ကွေ့ပိုက်လျှောက်စဉ် တစ်စုံတရာနှင့် ဝင်တိုက်မိမလိုရှိစဉ် . . .

"အမလေး . . . "

သွေးအိုင်ထဲတွင် ပက်လက်လဲနေသော ကိုကိုဇော် မျက်လုံးတွေက အပြူးသား။ သွေးတွေက နှိမ့်ရာစီးဆင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမီလင်း တစ်ကိုယ်လုံး ဖြူဖတ်ဖြူရော်ဖြစ်ကာ တစ္ဆေသရဲဝင်ပူးခံရသလို တဆတ်ဆတ်တုန်ယင်လျှက် ခေါင်းထဲတွင် မူးခနဲ မိုက်ခနဲဖြစ်သွားကာ အလောင်းနားတွင်ပင် ခွေလဲကျသွားပါတော့၏။

"မမလင်း . . . "

"မမလင်း . . . "

လောင်းကုပ်အရှည်ကြီးနှင့် ဦးထုပ်ဆောင်းထားသော လူမှာ ထိုအချင်းအရာများကို တစ်နေရာမှ ကြည့်နေကာ သွေးအေးစွာနှင့်ပင် ခြံဝသို့ လှည့်ထွက်သွား၏။

ဘာခံစားချက်မှ ရှိပုံမရ။

ထိုသူ လမ်းတစ်ဘက်ရှိ အမှောင်ထုထဲရောက်သွားချိန်တွင်တော့ မိုးမှာ တိတ်ပပစဲသွားလေပြီ။

⌘



(၂) ကျွန်တော်၏ ဝန်ခံချက်များ

ကျွန်တော် ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား စကားတစ်ခွန်းဆိုချင်ပါသည်။ ယင်းမှာ တခြားမဟုတ်ပါ။ ကိုကိုဇော်ဟူသောလူကို မသတ်ပါဟု ပြောလိုရင်းဖြစ်ပါ၏။ ထပ်မံပြောဆိုပါဦးမည်။ ကျွန်တော် ကိုကိုဇော်ကို တကယ်မသတ်ပါ။ သတ်စရာလည်း အကြောင်းမရှိသလို ကျွန်တော်လူသတ်သမားလည်းမဟုတ်ပါ။

ကျွန်တော်သည် ကျွန်တော့်ဘဝအား ကျွန်တော်ကိုယ်တိုင်ကောင်းမွန်တည့်မတ်စွာ ထိန်းကျောင်းရင်း လျှောက်လှမ်းနေသူ တစ်ဦးသာဖြစ်ပါ၏။

ကျွန်တော်သည် ငယ်စဉ်ကတည်းကပင် ဟုတ်တိုင်းမှန်ရာသစ္စာစကားကိုသာ ဆိုသူဖြစ်သဖြင့် ကျွန်တော့်စကားကို အကြွင်းမဲ့ယုံကြည်စေလိုပါသည်။ ထိုမှသာ ကျွန်တော့်အနာဂတ်သည် လင်းလက်တောက်ပြောင်လာမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝ၏ အဦးအစများသည် နှင်းထူထပ်စွာ ကျဆင်းနေသောတောအုပ်အတွင်းသို့ လျှောက်ရသည့်နှယ် စမ်းတဝါး ဖြစ်နိုင်လွန်းလှပါသည်။ တစ်ခါတရံ မျက်စိလည်လမ်းမှားတာမျိုး တွေ့ရှိသည်။ ခလုတ်ကသင်းများနှင့် ဝင်တိုက်တာမျိုးရှိသည်။ ထို့ထက်ဆိုးဝါးသည်မှာ ချောက်ကမ်းပါးအစပ်တွင် ကျလုကျခင် အနေအထားမျိုးများထိ ရှိခဲ့ဖူးပါသည်။ သို့သော် ကျွန်တော် အသက်မသေခဲ့ပါ။

ကျွန်တော်ငယ်စဉ်ကတည်းကပင် အလွန်ချူချာသူဖြစ်ခဲ့သည်။ မကြာခဏဖျားတတ်သလို၊ မကြာခဏလည်း အမေက ဆေးကုပေးရသည်။ ကျွန်တော် (၁၀)နှစ်သားအရွယ်ရောက်သည့် အခါ ... ကျွန်တော်အလွန်ချစ်သော အမေဆုံးပါးသွားခဲ့ရသည်။ ထိုအချိန်မှစကာ ကျွန်တော့်စိတ်တွေ ချွတ်ချုံကျခဲ့ရ၏။ ထို့မှမက သေး အဖေမှာ အလွန်ဆိုးသော မိန်းမတစ်ယောက်ကို ကောက်ကာင်ကာ လက်ထပ်လိုက်ပြန်တော့ ပို၍ စိတ်ကစဉ့်ကလျားဖြစ်ခဲ့ရပါ၏။ ယခုအချိန်မှစကာ ကျွန်တော့်အကြောင်းကို အသေးစိတ် ပြောပြပါတော့မည်။ မပြောခင် စောစောက စကားကိုပင် ထပ်မံ ပြန်ပြောရပါလိမ့်မည်။

ယင်းမှာ ...

ကျွန်တော် ကိုကိုဇော်ကို မသတ်ပါ ဟူ၍သာဖြစ်သည်။

ထို့အတွက်တော့ ကျွန်တော့်အား ယုံကြည်စေလိုပါသည်။

ထို့မှသာ ...

၆၆



## (၃) ကျွန်တော့်ကိုယ်ပွား ကျွန်တော့်ကိုယ်စား

သူ့ကို ကျွန်တော် ပထမဦးဆုံး တွေ့ခဲ့ရစဉ်က မိုးတွေ သည်းကြီးမည်းကြီးရွာနေသော ကာလဖြစ်သည်။ ထိုစဉ်က (၁၀)နှစ် အရွယ် (၅)တန်းတက်နေသောအချိန်။

ဆရာမပေးလိုက်သော အိမ်စာများမရသဖြင့် အပြစ်ပေးခံ ရပြီး ကျောင်းသန့်ရှင်းရေးများ လုပ်ခဲ့ရသောကြောင့် အတော် နောက်ကျမှ ပြန်လာခဲ့ရသည်။

အိမ်အပြန်လမ်းတွင် ... မိုးကာခြုံလျက် ခပ်သုတ်သုတ် လျှောက်သည်။ ကျွန်တော်ပြန်သော လမ်းမှာ လူသွားလူလာပြတ် သည်။ ပြီးတော့ လမ်းဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးတွေ အုံ့အုံ့စိုင်းစိုင်းနှင့် ယိမ်းထိုးလျက်ရှိသည်။ ရာသီဥတုသာယာသော နေ့များအဖို့ ထိုလမ်းလေးမှာ သာသာယာယာရှိသလောက် ယခုလို မိုးရွာသော နေ့များတွင်မူ နည်းနည်းတော့ စိတ်ချောက်ချားစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေသလိုပင်။

လမ်းအလယ်ရောက်တော့ မိုးတစ်မက ဝုန်းခနဲရွာချလိုက်သည်။ ထိုအတိုင်းသာ ဆက်သွားလျှင် ကျွန်တော့်တစ်ကိုယ်လုံး စိုရွှဲရုံသာရှိတော့မည်။ နေကကောင်းခါစမို့ ရေစိုခံလို့တော့မဖြစ်သေး။ ထို့ကြောင့် သစ်ပင်တစ်ပင်အောက်သို့ ကျွန်တော် အပြေးဝင်ကပ်လိုက်သည်။ ထိုအပင်အောက်တွင်ပင် ကျွန်တော့်လို မိုးခိုနေသည့် ကောင်လေးတစ်ယောက်ကိုတွေ့ရ၏။ သူ့တွင် ဘာဆောင်းစရာမှမပါ။ လက်ချည်းဗလာသက်သက်။ သို့သော် ... ကျွန်တော့်မဟုတ်။ စတိုင်တော့ကျသည်။ တီရှပ်မိုးပြာရောင်နှင့် ဂျင်းဘောင်းဘီအပြာရောင်ကို ဝတ်ဆင်ထားသည်။ ကျွန်တော် ကြိုက်နှစ်သက်သော ဝတ်စုံမျိုးပင်။ အရွယ်နှင့် ကိုယ်လုံးကိုယ်ထည်မှာလည်း ကျွန်တော့်လောက်ပင်ရှိမည်။ မျက်နှာကို သေသေချာချာကြည့်လိုက်တော့ ...

"ဟင်"

ကျွန်တော်နှင့် တော်တော်တူနေခြင်းဖြစ်၏။ ရုပ်ရှင်ကားများထဲမှ နှစ်ကိုယ်ခွဲများတွေ့လိုပင်။ ကျွန်တော် အံ့ဩစွာ မှင်တက်ငေးမောကြည့်နေမိ၏။ သူက ကျွန်တော့်ကို ပြောင်ချော်ချော်ရိသဲ့သဲ့ အကြည့်မျိုးနှင့် ကြည့်နေသည်။

"မင်းက ငါ့ကို ဘာလို့ ဒီလောက်တောင်ကြည့်နေရတာလဲ..."

"အံ့ဩလို့..."

"ရုပ်ချင်းဆင်နေတာကိုလား ..."

"ဟုတ်တယ်..."





"လောကမှာ တူတဲ့လူတွေတစ်ပုံကြီး ..."

"အင်းလေ.. ဟုတ်မှာပေါ့.."

ကျွန်တော်တို့နှစ်ယောက် ထိုနေရာတွင်ပင် စကားစ,ပြတ်သွားကြသည်။ တိတ်တိတ်ဆိတ်ဆိတ်။ မိုးပါးသွားသောကြောင့် ကျွန်တော်က ပြန်ရန်ဟန်ပြင်လိုက်သည်။

"ဟော့ကောင်.. နေဦး.."

သူ့အသံက ပိုင်စိုးပိုင်နင်းရှိလှ၏။ အမိန့်ပေးသံပါနေ၏။ ထိုအတူ ဟန်ပန်တို့မှာ ရဲရင့်သတ္တိရှိပုံလည်းပေါ်ပါသည်။

သူနှင့်တွေ့မှ ကျွန်တော့်စိတ်တွေ သေးသေးကွေးကွေးဖြစ်သွားသလို ခံစားလိုက်ရ၏။

"ဘယ်သွားမလို့လဲ..."

"အိမ်ပြန်မှာပေါ့..."

"နေစမ်းပါဦးကွာ ... အိမ်ဆိုတာ မသေမချင်းပြန်လို့ရတယ်... ဖြည်းဖြည်းပေါ့... ဒါနဲ့ မင်းနာမည်..."

"ကောင်းမြတ်ငြိမ်း..."

"လေးတန်းကို မတော်တဆအောင်လာတယ် ... ငါးတန်းရောက်တော့ စာတွေမကျက်နိုင်ဘဲ ဒုက္ခရောက်နေတယ် ... လပတ်စာမေးပွဲတွေဆိုလည်း အမြဲတမ်းဆိတ်ချိုး"

"မင်း ငါ့အကြောင်းသိနေတယ်..."

"ဘယ်လိုသိလဲ ... မေးဦးမလို့မဟုတ်လား ... မမေးနဲ့သူငယ်ချင်း... ငါကလည်း ဖြေမှာမဟုတ်ဘူး ..."

"မင်းနာမည်..."

"ငါလား... အင်း... ငါ့မှာ နာမည်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ … မဖြစ်နိုင်တာ … လူတိုင်းမှာ နာမည် ရှိတာပဲ … "

"အေး လူတိုင်းမှာ နာမည်ရှိတာ မှန်ချင်မှန်မယ် … ငါ့မှာ နာမည်မရှိတာတော့ သေချာတယ် … "

"ဘယ်လိုကောင်လဲကွာ … "

"ငါက အဲလိုကောင်ပဲ… ဟား…ဟား… ဟား… "

"မင်းရဲ့ အဖေရော … အမေရော … နောက် မင်ညီမလေးတွေ… ညီလေးတွေ… "

"ဘာမှမရှိတော့ဘူး… ငါဟာ တစ်ကောင်ကြွက် … ဟုတ်တယ် … တစ်ကောင်ကြွက်စစ်စစ်ပဲ … "

ထိုမျှသာပြောပြီး သူ ကျွန်တော့်အနားမှ ချာခနဲ လှည့်ထွက်ပြေးသွားလေသည်။

"ဟေ့ကောင် နေဦးလေကွာ … "

ခဏအကြာ မျက်စိရှေ့မှောက်မှ ပျောက်ချင်းမလှပျောက်သွားလေတော့၏။

"ဘယ်လိုကောင်လဲကွ … ငါ့ကိုကျတော့ အိမ်ဆိုတာ မသေမချင်းပြန်လို့ရတယ်ဆိုပြီး … "

အပြန်လမ်းတွင်တော့ ကျွန်တော့်အတွက် တွေးစရာရှိလာခဲ့၏။

သူ့ဘာကြောင့် … ကျွန်တော့်နှင့် ခပ်ဆင်ဆင်တူနေရပါသလဲ။

ယခုမှ စတင်ဆုံခဲ့ရသော်လည်း ဘာကြောင့်များ ငယ်ပေါင်းကြီးဖော်တစ်ယောက်လို ရင်းနှီးချင်စိတ်ဖြစ်ခဲ့ရပါသလဲ။





သူ့ ဘာကြောင့်များ ကျွန်တော့်စိတ်ကို လွှမ်းမိုးထားနိုင်ရပါသလဲ။

ကြာကြာတော့ ဆက်မစဉ်းစားနိုင်ပါ။ မိုးက တော်တော်မှောင်လာလေပြီ။ အလွန်နောက်ကျနေသောကြောင့် ကျွန်တော်အိမ်သို့ သုတ်ခြေတင်ရပါတော့၏။

⌘



www.burmeseclassic.com

www.burmeseclassic.com

## (၄) ကျွန်တော်နှင့် ကျွန်တော့်မိထွေး

အိမ်သို့ ရောက်ခဲ့သည့်တိုင် သူ့ပုံရိပ်က ကျွန်တော့်ခေါင်းတွင် မှတ်မှတ်သားသားဖြစ်နေခဲ့ပါ၏။ ကျွန်တော် အိမ်အပေါ်သို့ တက်လှမ်းတက်ချင်း . . .

"ဟင် . . . "

ကျွန်တော့်မိထွေးက အငယ်ဆုံးကလေးကို ခါးတင်ခွချီလျက် ခါးကိုထောက်ကာ မိန့်မိန့်ကြီး ဆီးကြိုနေရှာပါတော့၏။

"ဟဲ့ ဖသာကောင် . . . လာစမ်း . . . လာစမ်း . . . ဘယ်အချိန်ရှိနေပြီလဲ . . "

မိထွေးအသံက ကျွန်တော့်အတွက်တော့ အမြဲတမ်း . . . မကောင်းဆိုးဝါးကျိန်ဆဲနေသလိုပင်။ ချမ်းကချမ်း၊ ကြောက်ကကြောက်တာမို့ ဘယ်လိုပြန်ဖြေရမှန်းမသိ။

"နင် လျှောက်သဝေထိုးတာမို့လား . . . ပြောစမ်း"

"ကျောင်း . . . ကျောင်းမှာသန့်ရှင်းရေးလုပ်နေရလို့"





တကယ်လည်း စာမရ၍ တစ်ခန်းလုံး သန့်ရှင်းရေးလုပ်ခဲ့ခြင်းပင်။ သို့သော် စာမရဟူ၍တော့ ထည့်မပြောရဲ။ ဗိုးတစ်လုံးအား စနက်တံဖြုတ်လိုက်တာနှင့် တူသွားနိုင်သည်မဟုတ်လား။

"ဒါ နင့်ဆင်ခြေဆင်လက် အကုန်ပဲမဟုတ်လား သူတောင်းစားရဲ့"

ကျင့်သားရနေသည့် မိထွေးလက်က ကျွန်တော့်ခေါင်းကို . . .

"ဒေါက်" "ဒေါက်" "ဒေါက်"

လက်သံပြောင်လှသည်မို့ ကျွန်တော် ကြိတ်မှိတ်မအောင့်အီးနိုင်တော့ပါ။

"အား . . . နာတယ် . . . နာတယ်"

ကျွန်တော် ကျယ်ကျယ်လောင်လောင် အော်ဟစ်ငိုမိတော့၏။

"တိတ်စမ်း . . . တိတ်စမ်း အသံပြကြီးနဲ့ နင့်ကိုငါဘာလုပ်ရသေးလို့လဲ"

နာလွန်းသောကြောင့် ကျွန်တော် ဘာမှပြန်မပြောနိုင်။ ညခန်းမှအဖေ့ဟိန်းဟောက်သံ ပေါ်ထွက်လာသည်။

"ဟေ့ကောင် တိတ်စမ်းကွာ။ မင်းအသံ ငါမကြားချင်ဘူး"

"ဟီး . . . ဟီး . . . ဟီး . . . "

"ဟေ့ကောင် ပြောနေတာ မကြားဘူးလား"

အဖေသည် ကျွန်တော့်ကို ဘယ်တော့မှ မျက်နှာသာပေး။ မိထွေးဘက်မှ အမြဲတမ်းစစ်ကူတတ်သူ။ ထို့ကြောင့်အဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကျွန်တော်မချစ်ပါ။ အမေ့အိမ်တွင် နေရသည်မှာ အကျဉ်းထောင်ထဲတွင် လှောင်ပိတ်ခံနေရသူတစ်ဦးလို မွန်းကျပ်နေမိသည်။ အထီးကျန် အဖော်မဲ့သလိုလည်း ခံစားနေရ၏။

''လွယ်အိတ်ချွတ်၊ ထမင်းစားဖို့ စိတ်မကူနဲ့ဦး။ နောက်ဖေးမှာ ပန်းကန်တွေ သွားဆေး။ ကျကွဲလို့ကတော့ သေပြီသာမှတ်''

ဝန်နှင့်အားနှင့်မမျှသော ဒဏ်တွေက ကျွန်တော့်အပေါ် ဖိစီးလွန်းလှပါသည်။ အစားတစ်လုပ်အတွက် လုပ်ရသည့်အိမ်မှုကိစ္စတွေက တရစပ်။ တရားလွန်လွန်းလှ၏။ ကျွန်တော် ပန်းကန်းဆေးပြီး သွားပြန်တော့ . . .

''ရေဆွဲထည့် . . . ပြီးရင် ကလေးအဝတ်တွေလျှော်''

အဖေက ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသူ။ အိမ်တွင်ရှိသည့်အချိန်က နည်းပါးလွန်းသည်။ ရှိပြန်တော့လည်း မိန်းမလုပ်သူအပေါ် ကြည်ဖြူစွာ နာခံတတ်သည်မို့ စိတ်နာမိသည်က အမှန်. .

''တမလွန်ဘဝကအမေ ကျွန်တော့်အဖြစ်ကိုမြင်ရင် ငိုနေမလား''

အလုပ်အားလုံးပြီးမှ ထမင်းစားရသည်။

စားရပြန်သော်လည်း အကြွင်းအကျန် ဟင်းများသော်သာ။

တစ်ခုတော့ သက်သာတာရှိသည်။ ကျွန်တော် စာကျက်ခြင်း မကျက်ခြင်း အပေါ်တော့ မိထွေး စိတ်မဝင်စားပါ။ ကျက်ကျက် မကျက်ကျက်၊ ဖတ်ဖတ် မဖတ်ဖတ် ဆူပူခြင်းမရှိ။





ထို့ကြောင့် ထိုနေ့ညက စောစောအိပ်ပစ်လိုက်သည်။

မအိပ်ခင်တော့ ညနေပိုင်းက ကျွန်တော်နှင့်ဆင်တူသူ တစ်ကောင်ကြွက်ကလေးအား သတိရမိလိုက်ပြန်သည်။

꧁



www.burmeseclassic.com

www.burmeseclassic.com

## (၅) ကျွန်တော်နှင့် တစ်ကောင်ကြွက်ကလေး၏ အကွာအဝေး

နောက်ရက်များတွင် ကျွန်တော် တစ်ကောင်ကြွက်အား တွေ့လိမ့်နိုးနိုးနှင့် သတိထားရှာကြည့်ပါသေး၏။ အထူးသဖြင့် သူနှင့်ဆုံဆည်းခဲ့ရာ ကုက္ကိုပင်ကြီးအောက်။

သို့သော် တိတိပပမဆုံဖြစ်တော့။

တစ်ခုတော့ရှိသည်။

ကျောင်းစကြံ့ထောင့်ကွေးလိုနေရာမျိုးတွင်ဖြစ်စေ၊ လမ်းချိုးလိုနေရာမျိုးတွင်ဖြစ်စေ ရိပ်ခနဲ ဖျတ်ခနဲ လှမ်းမြင်လိုက်ရတာမျိုးတော့ရှိသည်။ သို့တစေ ပျောက်ကွယ်သွားစမြဲ။

"ဒီကောင် ဘယ်ရောက်သွားပြန်ပြီလဲမသိဘူး။ ဥစ္စာစောင့်တွေ ကိုယ်ယောင်ပျောက်သွားသလိုပါပဲလား"

ကျွန်တော်သူ့ကို သိပ်နားမလည်နိုင်ပါ။





နောက်တော့ နေမထိထိုင်မသာ ဖြစ်လာပြီး အတန်းတူ သူငယ်ချင်းမိုးကြည်ကို ရင်ဖွင့်မိသည်။

"မင်းက နာမည်မပြောတော့ ဘယ်လိုလုပ်သိမှာလဲကွ။ အဲ့ဒီကောင်ပုံကို ငါ့ကိုပြောပြ"

"ငါနဲ့ရုပ်ချင်းဆင်တယ်"

"ဟေ"

"အကောင်းပြောတာ"

"မင်းဟာကကွာ ဘယ်လိုချည်းလဲ"

"အဲ့ဒီအတိုင်းပဲ"

"မင်းအမေ အမှာမွေးခဲ့သေးလား"

"မွေးခဲ့ရင်တော့ ငါသိမှာပေါ့"

"တို့မြို့မှာ တူတာဆိုလို့ တစ်ယောက်မှမရှိဘူး"

"ရှိတယ်ကွာ"

"မရှိဘူးဆိုမှကွာ"

"မရှိဘူး ဟေ့ကောင်"

ကျွန်တော် တော်တော်စိတ်တိုသွားသည်။ ကိုယ်တိုင်တွေ့ခဲ့ရသော်လည်း လောလောဆယ် သက်သေမပြနိုင်သည့်မို့ ဒေါသထွက်နေရ၏။

"အေး . . . ဒီတစ်ခါ ဒီကောင်နဲ့တွေ့ရင် မင်းကို ငါသက်သေပြမယ်"

"ငါတို့ကလည်း ဒါမျိုးကြည့်ချင်တာ။ မင်းနဲ့တူတယ်ဆိုရင် မင်းပဲဖြစ်နေဦးမယ်"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြည်က လှည့်ထွက်သွား၏။ ကျွန်တော်ဘာမျှဆက်ပြောခွင့်မရလိုက်။

ရင်ထဲမှာ ဝေးထားလိုက်ကာတော့ အမှန်အကန်။

နောက်တစ်ပတ်ခန့်အကြာ ကျွန်တော်မျှော်လင့်ထားသော အခွင့်အရေးတစ်ခုရရှိခဲ့သည်။

ထိုနေ့က တနင်္ဂနွေနေ့. အဖေနှင့်မိထွေး အိမ်မှာမရှိခိုက်အနားမှ ဘောကွင်းသို့ ကျွန်တော်ထွက်လာခဲ့သည်။ ထိုအချိန်တွင် မိုးကြည်တို့အဖွဲ့လည်း ဘောလုံးလာကန်တတ်ကြသည်မို့ တွေ့များတွေ့လေမလား ဟူသောစိတ်ဖြင့်။

''ဟင်း . . . ဟော့ကောင် တစ်ကောင်ကြွက်''

သစ်ပင်နောက်ကွယ်မှ ရုတ်တရက်ထွက်လာသောသူ။

''ဘာလဲကွ တစ်ကောင်ကြွက်ဆိုတာ''

''မင်းမှာနာမည်မရှိတာ။ ဒါကြောင့် ငါ့စိတ်ထဲကနေ အလိုလိုပေးထားမိတဲ့နာမည်''

''ကောင်းကွာ မင်းကတော့ လုပ်ချလိုက်ပြန်ပြီ။ ဟား . . . ဟား . . . ဟား''

သူကလည်း သဘောကျစွာရယ်ပါတော့၏။

''မင်းဘယ်သွားနေတာလဲ''

''ဟိုသွား ဒီသွားပေါ့ကွာ''

''ဘယ်မှာနေလဲ''

''ဟိုနေ ဒီနေပေါ့ကွာ''

''မင်းဖော်တော်ဘုဂလန့်ပြောတဲ့ကောင်''

''အဲဒါကြောင့် . . ခက်တယ်ပြောတာပေါ့''





''မင်းကျောင်းတက်လား။ ဘယ်နှစ်တန်းလဲ''

''မင်းနဲ့အတူတူပဲ (၅)တန်း''

''ဟင် ဘယ်ကျောင်းမှာလဲ''

''နောက်တော့ မင်းသိလာမှာပေါ့။ ခုပြောနေလည်း အပိုပဲ''

''အခု . . . ငါတို့နဲ့ဘောလုံးကန်မလား''

''မင်းတို့လို မကန်တတ် ကန်တဲ့ကောင်တွေနဲ့ဆော့ရတာ ပျင်းစရာကြီး။ အလကား အချိန်တွေကုန်တယ်''

''ဟော့ကောင် မင်းကိုယ်မင်း ဘယ်လောက်တော်နေလို့ အခြောက်တိုက်ဘဝင်မြင့်နေရတာလဲ''

''မှန်တာကိုပြောရတယ်ကွ လူဆိုတာ ကိုယ့်အရည်အချင်း ကိုယ်သိဖို့လိုတယ်''

''တော်တော်အတွာကြီးတဲ့ကောင်''

''ပြောစမ်းပါဦး အတွာဆိုတာဘာလဲ လူကြီးတွေပြောတိုင်း ဘာမှန်းမသိညာမှန်းမသိ စကားလုံးဆန်းတာ မှတ်ပြီးလျှောက်ပြောနေတဲ့ကောင်''

''ဟော့ကောင်''

ကျွန်တော် ဒေါသတဟုန်ထွက်နှင့် လှမ်းအော်လိုက်သည်။ တစ်ကောင်ကြွက်ကတော့ အပြုံးပင်မပျက် ဘယ်လောက်များ အသည်းယားဖို့ကောင်းလိုက်ပါသလဲ တော်တော်ဆိုးသည့်ကောင်။

ထိုအခိုက် ကျွန်တော့်နောက်မှ လှမ်းခေါ်လိုက်သည့် မိုးကြည်တို့အသံ။

''ဟော့ကောင် ကောင်းမြတ်ငြိမ်း''



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ယခုတော့ မိုးကြည်တို့အဖွဲ့နှင့် တစ်ကောင်ကြွက် တိုက်တိုက်ဆိုင်ဆိုင်ဆုံလေပြီမို့ တွေ့ပေးရဦးမည်။ ဒါသက်သေ။ ဒါအကောင်းဆုံး ကျွန်တော့်ရဲ့ ရှင်းလင်းချက်။ သို့မို့ကြောင့်

"ဟော့ကောင် မိုးကြည် ဒီကိုခဏလာခဲ့ဦး"

ကျွန်တော် အားပါတရလှမ်းခေါ်လိုက်သည်။ ဘာရမလဲဆိုသော မာန်မာနအပြည့်နှင့် သူတို့က ဘောလုံးပိုက်ပြီး ပြေးလာကြသည်။

နောက်သို့လှည့်ကြည့်တော့ တစ်ကောင်ကြွက်မရှိတော့။

"ဟိုက်"

ဘယ်နေရာ လစ်ထွက်သွားသည်မသိ မြန်လိုက်သည့်ဖြစ်ခြင်း။

မိုးကြည်တို့ အနားရောက်လာတော့ ကျွန်တော်ကပျာပျာသလဲနှင့်ပင်. . .

"မင်း ဟိုကောင့်ကို တွေ့လိုက်တယ်မို့လား"

"ဘယ်ကကောင်လဲ"

"ဟို . . . မင်းနာမည်မရှိတဲ့ကောင်လေကွာ။ စောစောက ငါနဲ့စကားရပ်ပြောနေတာ"

"မင်းရူးနေလား စောစောက မင်းတစ်ယောက်ထဲရပ်နေတာ။ ဘယ်သူမှမရှိဘူး"

"ငါ ဟိုကောင်နဲ့ စကားပြောနေတာ"

"မဟုတ်ဘူး။ တစ်ယောက်တည်းစကားပြောနေတာ"

"ငါတစ်ယောက်တည်းစကားပြောရအောင် အရူးလားကွ"





"ဟုတ်တယ် ရူးနေသလိုပဲ"

"ရှီးကွာ"

ကျွန်တော့်ဒေါသ ခပ်ပြင်းပြင်းလေးထွက်သွားမိသည်။ ကျွန်တော်အမှန်ကို အမှန်အတိုင်းဖြစ်စေချင်သည်။ သည်ကောင်တွေ ကျွန်တော့်အပေါ် ကလိမ်ကကျစ်ကျချင်သဖြင့် ဖြောင်လိမ်ဖြောင်ညာတာလည်းဖြစ်နိုင်ပါ၏။

"ငါတောင်ပြောနေသေးတယ်။ မင်းတစ်ယောက်တည်းပြဇာတ်မင်းသားလေ့ကျင့်နေတာများလားလို့။ ဟား . . . ဟား"

"ပြဇာတ်မင်းသား မဟုတ်ဘူးဟေ့။ ကြော်ငြာမင်းသား ကြော်ငြာမင်းသား"

"ဟား. . . ဟား. . . ဟား"

"ဟိတ် . . . တော်တော့ကွာ ဆက်မပြောနဲ့တော့"

ကျွန်တော် သူတို့နှင့် ဆက်မငြင်းခုံချင်တော့ပါ။ ကျွန်တော့်ကို ရစရာမရှိအောင် လှောင်ပြောင်နေကြ၍ ကျွန်တော့်စိတ်ထဲအလွန်ကသိကအောက် ဖြစ်ခဲ့ရပါသည်။

ရှိစေတော့။ အမှန်တရားဆိုသည်မှာ တစ်နေ့ရာတွင်တော့ အဖြေမှန်ရှိစမြဲပင်. . .။

ထို့ကြောင့် ထိုတစ်နေ့ကိုသာ စောင့်ရန်ရှိတော့သည်မို့ ကျွန်တော် ရေငုံနှုတ်ပိတ်ကာ လှည့်ပြန်လာခဲ့ပါ၏။

⌘



www.burmeseclassic.com

www.burmeseclassic.com

## (၆) မိန်းမလှလေး၏ အသွင်

သို့ဖြင့် ရက်တွေလတွေပြောင်းလာခဲ့သည်။

တစ်ကောင်ကြွက်ကိုလည်း အတွေ့ရကျဲလာသည်။ ဟိုနားသည်နားတွင် ရိပ်ခနဲဖျတ်ခနဲသာ စကားပြောဖော်ရခဲ့သည်။ ခပ်လှောင်လှောင်မျက်လုံးများနှင့်သာ ဝင့်ဝင့်စားစားကြည့်သွားတတ်၏။

''ဟော့ကောင်''

ကျွန်တော်အသည်းအသန် ခေါ်လျှင်တောင် သူက အရင်ဦးစွာလစ်သွားတတ်သည်။

ဘယ်လောက်ခွကျသည့် တစ်ကောင်ကြွက်ပါလဲ။ ပြောရလျှင် အတော်နားလည်ရခက်သည့် တစ်ကောင်ကြွက်။

''ဒီကောင် လှုပေလှုတော့ပဲ''





ကြာတော့ ကျွန်တော်လက်လျှော့လိုက်ပါသည်။

သို့ဖြင့် ...

စိတ်ကူးရင်ခုန်ဖွယ်ရာများနှင့် ပြည့်နှက်နေသည့် ဆယ်ကျော်သက်အရွယ် လှုပ်ရှားဘဝလေးသို့ ရောက်ရှိလာခဲ့၏။

ဝါသနာဟုပင် ပြောရမလားမသိ။ ကဗျာတွေ စာတွေ အငမ်းမရ ဖတ်လာသည်။ စာရေးဆရာဖြစ်ချင်သည်မှာလည်း အလွန်အကျူး။

''ငါ စာရေးချင်ရင် အကြောင်းတရားရှာရမယ်။ တွေးရမယ်။ ရေးရမယ်''

''ညဘက်လူခြေတိတ်ချိန်တွေဆို ကျွန်တော် မအိပ်နိုင်သေး။ ရေးစရာ တစ်ခုမဟုတ်တစ်ခု ဖန်တီးနေတတ်သည်။

''ကောင်မလေးက ကိုယ်ဝန်ရှိလာမယ်။ မမွေးနိုင်တော့သေမယ်။ သေတော့တစ္ဆေဖြစ်မယ်။ ပြီးတော့ ကောင်လေးကိုခြောက်မယ်။ အားမဖြစ်သေးပါဘူး။ ငါတွေးတာက ဂန္ထဝင်ရတွေပဲ။ မဟုတ်ဘူး မဟုတ်သေးဘူး''

ကျွန်တော့်ကိုယ်ကျွန်တော် ပြန်တွေးကြည့်တော့လည်း တော်တော်ရယ်စရာကောင်းနေပါသည်။

''မဖြစ်သေးပါဘူး''

ကျွန်တော့်အတွေးတွေက အလွန်ပင်ကပေါက်တိကပေါက်ချာ။ ထို့ကြောင့် လူကြီးတွေမသိအောင် ပြတင်းပေါက်မှ တိတ်တိတ်နိုးဆင်းကာ ငြိမ်သက်တိတ်ဆိတ်နေသော မြို့လေးအတွင်းသို့လျှောက်လာခဲ့သည်။

''အားပါးပါး... ခလိုနိုးကြောင်ခိုဇက်လုပ်ရတာ အရ



www.burmeseclassic.com

www.burmeseclassic.com



သာတစ်မျိုးပဲ''

ကျွန်တော့်အဖြစ်က ဘယ်ရယ်လို့ဦးတည်ချက်မရှိ။ ခြေဦးတည့်ရာလျှောက်သွားနေသည့်သဘောမျိုး။

''တကယ့်ကို လွတ်လပ်တဲ့ခံစားမှုမျိုး''

ပြောစရာတစ်ခုတော့ရှိသည်။ စွန့်စားမှု ရင်ခုန်မှု လျှို့ဝှက်မှုများကို ရှာဖွေသည်ဟုဆိုလျှင်လည်း ဆိုနိုင်ပါသည်။

စာအုပ်များထဲမှ ဂျာမဒါကိုကိုကြီးကဲ့သို့ စွန့်စားမှုမျိုး။

ပထမံဆရာသိန်းကဲ့သို့ လျှို့ဝှက်ဆန်းကြယ်မှုမျိုး။

မင်းသိခ်ထဲမှ ဆားပုလင်းနှင်းမောင်လို လူစားမျိုးတွေက ကျွန်တော့်ရင်ထဲတွင် စွဲငြိနေပြီးဖြစ်သော ဇာတ်ကောင်များပင်ဖြစ်၏။

''ဟင်. . . ဟိုဟာ အသုဘအိမ်များလား''

သာမန်သစ်သားအိမ်လေးတစ်လုံးတွင် မီးများထိန်ထိန်လင်းနေသည်။ အိမ်ရှေ့တွင် ရှက်ဖျင်ထိုးထားသည်။ ဖျာတွေခင်းထားသည်။ လူတချို့ဖဲရိုက်နေကြသည်။

''ဘယ်သူသေတာပါလိမ့်''

ကျွန်တော် တော်တော်စိတ်ဝင်စားသွားသည်။ ထို့ကြောင့် မယောင်မလည် အိမ်ထဲသို့ဝင်လာခဲ့သည်။ ကျွန်တော်ဝင်လာခြင်းကို ဘယ်သူမှ ဂရုတစိုက်လှမ်းကြည့်တာမျိုးမရှိ။

သူတို့လည်း သူတို့ဆက်လုပ်နေကြသည်။

အိမ်ပေါ်တွင်တော့ အလောင်းတစ်လောင်းပြင်ဆင်ထားတာတွေ့သည်။ ထို့ကြောင့် အိမ်အပြင်ဆီသို့ သွားကာ လှမ်းကြည့်လိုက်တော့ . . .





''အို . . . သူ . . . သူပါလား''

ကျွန်တော် အံ့သြခြင်းမက အံ့သြသွားရသည်။ ထိုအမျိုးသမီးအား နာမည်မသိပါ။ ဘယ်နေရာမှာနေမှန်းမသိပါ။ သို့သော် အဝေးပြေးဂိတ်တွင် မကြာမကြာမြင်ဖူးနေသည်။ ကျွန်တော့်ထက်တော့ နည်းနည်းကြီးမည်ထင်သည်။

ရုပ်ကလေးက တော်တော်လှသလို ကိုယ်လုံးကိုယ်ပေါက်လေးကလည်း အချိုးအဆစ်ကျနေသည်။

ဘယ်လိုယောကျ်ားလေးမဆို တစ်ခါမြင်ဖူးရုံနှင့် မှတ်မိစေတတ်သော မိန်းကလေးမျိုး ကျွန်တော်တို့ မြို့လေး၏အဝေးပြေးဂိတ်မှာ ကျွန်တော်တက်နေသည့် ကျူရှင်ကျောင်းနားမှာပင်ရှိသည်။ သူမက ခရီးမကြာခဏ ထွက်တတ်ပုံရသည်။ ထွက်တိုင်းလည်း အဖော်မပါတစ်ယောက်တည်း။ ဘယ်တွေသွားလို့သွားမှန်းမသိ။ ဇာတ်တိုင်းမှန်စွာပြောရလျှင် လူပျိုပေါက်ဖြစ်လာသော ကျွန်တော့်အတွက် ထိုသို့သောမိန်းကလေးနှင့် မကြာခဏ စိတ်ကူးယဉ်ခဲ့ဖူးပါသည်။ ခုတော့. . .

''ဘာလို့ သေတာလဲဟင်''

အိမ်တိုင်ကိုမှီရင် ငူငူကြီးတွေးနေသော အရက်သမားတစ်ယောက်ကို ကျွန်တော်မေးလိုက်ခြင်းဖြစ်သည်။ ထိုသူက ကျွန်တော့်ကို ဖျတ်ခနဲကြည့်ပြီး

''သေတာ အသက်ထွက်သွားလို့ပေါ့''

ခက်ပြီ။ ထိုလူကျွန်တော့်အား ရစ်နေပြီလားမသိ။ ကျွန်တော်ဇွဲမလျှော့ချင်သေးပါ။

''ဒီလိုဗျာ . . . ဘာရောဂါနဲ့ဆိုတာလို့မျိုး''



www.burmeseclassic.com

''ယောက်ျားတွေ နှိပ်စက်တဲ့ရောဂါ''

ထိုလူစကားကို ကောင်းကောင်းမပြောတော့တာမို့ လှည့်ထွက်မည်အပြု။

''သေတာတောင် တစ်ယောက်တည်းမဟုတ်ဘူး။ နှစ်ယောက် ဗိုက်ထဲမှာကလေးနဲ့''

''ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်သွားပါဦးမယ်''

ကျွန်တော် တစ်လမ်းလုံးစဉ်းစားလာသည်။ ကလေးမမွေးနိုင်လို့များလား။ ယောက်ျားတွေနှိပ်စက်တဲ့ ရောဂါဆိုတာ ဘာလဲ။ သိပ်တော့နာမရှင်းလှ။ သို့တစေ ငယ်ငယ်ရွယ်ရွယ်နှင့် ယခုလိုဖြစ်သွားရခြင်းအတွက်တော့ နှမြောစရာကောင်းလှပါသည်။

''ရှေ့ဆက်မသွားတော့ဘူး ဒီကပဲပြန်မယ်''

ကျွန်တော်ပြတင်းပေါက်မှပင်အိမ်ပေါ်ပြန်တက်လိုက်သည်။

အခန်းသို့ရောက်ရောက်ချင်းပင် မိထွေးမျက်နှာကြီး ဘွားခနဲပေါ်လာသည်။

''ဟဲ့ . . နင်ဘယ်သွားနေတာလဲ ညကြီးသန်းခေါင်''

နည်းနည်းတော့လန့်သွား၏။

''ကျွန် . . ကျွန်တော်ဘယ်မှမသွားပါဘူး''

''စောစောက နင့်အိပ်ရာမှာ နင်မရှိပါဘူး''

''ဩော် . . အင် . . ဒါလား . . ဟို အိမ်သာ အိမ်သာသွားတာ''

မိထွေး ကျွန်တော့်ကို မျက်စောင်းတစ်ချက်ပစ်လွှတ်လိုက်၏။

''ဟွန်း စကားကို ဟိုပြောသည်ပြော အိပ်ရင်ပြတင်းပေါက်





တွေပိတ်အိပ်။ သူခိုးတတ်လို့ပြောင်နေဦးမယ်။ လူကိုကြည့်တော့ငေးတိငေးငိုင်။ ဘယ်လိုအမျိုးအစားမှန်းကိုမသိဘူး''

မိထွေးထွက်သွားတော့မှ ကျွန်တော် စိတ်ဖြောင့်ဖြောင့်ဖြင့် အိပ်ရာပေါ်ပစ်လှဲလိုက်သည်။

ကောင်မလေး အကြောင်းကိုဆက်တွေးဖြစ်သည်။ ထို့နောက် ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။

ထိုညက ကျွန်တော် ပြတင်းပေါက်တံခါးပိတ်ဖို့ လုံးဝမေ့လျော့သွားပါ၏။

※

www.burmeseclassic.com

## (၇) တစ္ဆေမလေးနှင့် ကျွန်တော်တို့နှစ်ယောက်

နောက်... (၅)ရက်ခန့်အကြာ။

ကျွန်တော် ညည့်နက်သည်အထိ အိပ်မပျော်နိုင်သေးပါ။ စောစောက ဂမ္ဘီရလုံးချင်းတစ်အုပ်လည်း ကုန်သွားပြီ။ ဖတ်စရာမကျန်တော့ ဟိုလှည့်သည်လှည့်နှင့် အိပ်မပျော်ခြင်းဒုက္ခကို စိတ်ပျက်စွာခံစားနေရ၏။ ထို့နောက် ... အပြင်သို့ထွက်ရန် ဆုံးဖြတ်လိုက်၏။

''မိထွေးအခြေအနေကို ကြည့်ရမယ်''

ဟုတ်သည်။ ကျွန်တော့်အတွက် ပြဿနာက မိထွေးပင်ခုတလော မိထွေးသူ့ကို မျက်စိဒေါက်ထောက်ကြည့်နေသည်။ အမှားနည်းနည်းလေးတွေ့တာနှင့် များများကြီး ဆူတော့သည်။ ယခုလိုဖြစ်လာရခြင်းမှာလည်း အဖေ၏လုပ်ရပ်တစ်ခုကြောင့်လည်း ဖြစ်နိုင်ပါသည်။ အဖေက ကျွန်တော့်အတွက် ဘဏ်စာရင်းတွင်





ငွေ(၅)သိန်းထည့်ပေးလိုက်သည်။ အမွေခွဲပေးသည့်သဘောလည်း ဖြစ်နိုင်ပါသည်။

ဒါကို မိထွေးက မကျေနပ်။ မကျေနပ်သော်လည်း ပြောခွင့်မသာ။ ယခုလက်ရှိနေသောအိမ်မှာ အမေပိုင်ဆိုင်ခဲ့သောအိမ်ဖြစ်နေခြင်းပင်။ တကယ်တမ်းပြောမည်ဆိုလျှင် ကျွန်တော့်အတွက် ငွေငါးသိန်းသည် အမေ့အိမ်နှင့်စာလျှင် မတန်မရာ ငွေလေးပင်။ သို့သော် ကျွန်တော်ဘာကိုမှ မက်မောလိုစိတ်မရှိပါ။

ကိုယ်နှင့်ထိုက်လျှင်သာ ကိုယ်ပိုင်ဆိုင်ရလိမ့်မည်ဟု သတ်မှတ်ပါသည်။

ကျွန်တော် ခြေကိုဖွဖွနင်းလျက် အပေါ်ခန်းသစ်သားနံရံကို နားဖြင့်ကပ်လိုက်၏။

''ခေါ... ခေါ... ခေါ...''

ဟောက်သံတွေက ပလုံစီနေသည်။ ထို့ကြောင့် စိတ်ချရပြီ။ မိထွေးအိပ်ပျော်ပြီဆိုလျှင်တော့ သေသည်နှင့်မခြား။ ထို့ကြောင့် ကျွန်တော်ပြတင်းပေါက်မှ ဆင်းလာခဲ့သည်။

ထိုညက လမ်းမီးများပျက်နေသော်လည်း လရောင်ကြောင့် သမ်းကိုကောင်းစွာမြင်နေရပါ၏။

ကျွန်တော်မြို့လေး၏ တောင်ဘက်သို့ အေးအေးလူလူ လမ်းလျှောက်လာခဲ့သည်။ လူနေအိမ်တွေကတော့ လရောင်ဖွေးဖွေးအောက်တွင် အိပ်မောကျလေပြီ။

''ရှိုး ...ရှိုး ...ရှိုး''

မျက်နှာချင်းဆိုင်ဆီမှ မျိုးကြီး၏ ''ကြယ်စင်ကြွေသွားသည့်တိုင်'' တေးသွားအလိုက် လေချွန်လာသော လူယ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်။ ကျွန်တော် အလွန်ကြိုက်သည့်သီချင်း လေချွန်တာ ပိုင်ပိုင်နိုင်နိုင်ရှိလှသည်။ အနားသို့ရောက်တော့ ထိုသူ ကျွန်တော့် ရှေ့မှပိတ်ကာရပ်သည်။ လေချွန်တော့မပျက်။

''ဟာ . . . တစ်ကောင်ကြွက်''

လရောင်ကြောင့် သည်ကောင့်မျက်နှာကို ကောင်းကောင်း မှတ်မိသွားသည်။ သည်ကောင် ကျွန်တော့်လိုပဲ ထွားလာလိုက် တာ။ မတွေ့တာတောင် အတော်ကြာခဲ့ပြီမို့လား။

''ဟော့ကောင်. . ခနဲ. . မင်း. . မင်းဘယ်လဲ''

သူက လေချွန်တာကိုရပ်လိုက်ပြီး

''မင်းနဲ့တွေ့ရင် မေးခွန်းတွေပဲမေးနေတာပါပဲလားကွာ''

''မေးရမှာပေါ့ကွ။ မင်းက ပေါ်လာလိုက် ပျောက်သွား လိုက်''

''စိတ်ဆိုတာ အစိုးရတာမဟုတ်ဘူးလေကွာ။ မျောက်စိတ် လိုပေါ့။ ဒါနဲ့မင်းဟိုနေ့က ချိုချိုသင်းဆိုတဲ့ကောင်မလေး အသုဘ အိမ်ကို ရောက်ခဲ့သေး ယ်မို့လား''

''ချိုချိုသင်း''

''မင်းစိတ်ထဲမှာ တစ်ယောက်ထဲကြိတ်ကြိုက်နေတဲ့. . ကောင်မလေးလေ။ ကားသမားတွေနဲ့ ပရော်ပရီလုပ်နေတာ''

''မကြိုက်ပါဘူးကွာ''

''ဒီမယ် ဟော့ကောင် မင်းတခြားလူကိုသာလိမ်လို့ရမယ် ငါ့ကိုလိမ်လို့မရဘူးကွ''

''မကြိုက်ပါဘူးကွာ''

''ကြိုက်တယ်ကွာ မင်းစိတ်နဲ့တော့ပြစ်မှားမိသေးတာပဲ''





''ထားပါ။ ငါအဲဒီအိမ်ကိုရောက်တာ မင်းဘယ်လိုလုပ်သိ သလဲ''

''ဟော့ . . . မင်းဘာလုပ်လုပ် ငါအကုန်သိတယ် အပိုတွေ ပြောမနေနဲ့''

ကျွန်တော် တစ်ကောင်ကြွက်နှင့် ဆက်လက်မငြင်းခုံလို တော့။

''ငါ အဲဒီကို သွားတာဘာဖြစ်လဲ''

''မင်းကောင်မလေးကို နမြောနေတယ်မို့လား''

''ငယ်ငယ်ချောချောလေးဆိုတော့ နှောက်ပြီး ကိုယ်ဝန် နေတဲ့''

''ကောင်မလေးက အရုပ်မလေးပဲ။ ဒီလောက်တော့ရှိမှာ ပေါ့''

''ကောင်မလေးတွေများနော်. . ရုပ်ကလေးမလှလိုက်နဲ့ သိုက်တာနဲ့ အန္တရာယ်တွေပတ်ပတ်လည်ဝိုင်းနေတော့တာပါ လား''

တစ်ကောင်ကြွက်က ဝတ်ထားသော ဂျင်းအကျီအိတ်ထဲ လက်နှစ်ဖက်ကို ထိုးသွင်းလိုက်ပြီး. .

ခေါင်းကို မာန်ပါပါလေးမော့လျက် . . .

''မင်း ချိုချိုသင်းရဲ့ဝိညာဉ်ကိုကြည့်ချင်လား''

''ဟေ''

ကျွန်တော့်ပါးစပ်လေး ဟောင်းလောင်းပွင့်သွား၏။

''မဖြစ်နိုင်တာကွာ''

''ဖြစ်နိုင်တာ မဖြစ်နိုင်တာအသာထား။ ကြည့်ချင်လား မကြည့်ချင်ဘူးလားပဲပြော''

''သူ့ဝိညာဉ်က လူတုန်းကလိုချောလားဟင်''

''ခွေးမသား တချွေကြည့်မှာတောင် ရုပ်ကိုထည့်မပြောနဲ့



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်''

''ချောချောလေးဆိုတော့ ပိုကောင်းတာပေါ့ကွ''

''ဘာလဲ တစ္ဆေတောင် ကြိုက်စည်ဖို့စိတ်ကူးနေလား''

''ဟား . . . မဟုတ်တာတွေ မဟုတ်တာ''

''ကြည့်တော့လူပုံက အေးတိအေးစက် ကုပ်တိကုပ်ချောင်းနဲ့ မင်းအကြောင်းမသိရင်ခက်မယ်''

''ကဲ . . . ထားစမ်းပါ မင်းကငါ့ကို ဘယ်လိုပြမှာလဲ''

သူက ဟိုဟိုသည်သည်လှမ်းကြည့်သည်။ ရေမြောင်းလေးနှင့် အုတ်ခုံလေးတွေ့သည်။

''လာ . . . ငါနဲ့လိုက်ခဲ့''

သူက ကျွန်တော့်ကို လက်ဆွဲခေါ်သွားသည်။ အုတ်ခုံမှာ ထိုင်နိုင်းသည်။ နောက် . . . ရေတသွင်သွင်စီးနေသော မြောင်းကလေးမှ ရေကို လက်ခုပ်နှင့်ယူသည် အုတ်ခုံပေါ်သွန်ချသည်။

''ဘာလုပ်မှာလဲ''

သူက အသာကြည့်နေဆိုသော သဘောဖြင့် လက်ကလေးကို ကာပြသည်။ ဂျင်းအင်္ကျီအိတ်ထဲမှ ပစ္စည်းတစ်ခုကိုထုတ်ကာ အုတ်ခုံပေါ်တွင် သွေးလေ၏။ ယင်းနောက် . . .

''အခုငါသွေးနေတာက မကျည်းခေါက် ရိုးရိုးမကျည်းခေါက်မဟုတ်ဘူးနော်''

အောက်လမ်းဆရာ စီရင်ထားတဲ့ပစ္စည်း သနပ်ခါးလိုသွေးရတာ တွေ့လား။ ညိုညိုတွေ''

''ပြီးတော့''

''ပြီးတော့ မင်းမျက်စိနှစ်ဖက်စလုံးကိုကွင်းရမှာ။ ဒါဆို မင်းတစ္ဆေသရဲတွေကို မြင်ရပြီ''





''ဟော့ . . . ဟော့ ဒါဆိုရင်တော့ မဖြစ်ဘူး။ ငါကကြောက်အက်တယ်။ ငါကြည့်ချင်တာက ချိုချိုသင်းတစ်ယောက်ထဲ''

''မင်းယောကျ်ားမဟုတ်ဘူးလား ငါတစ်ယောက်လုံးရှိနေတာ''

''ယောကျ်ားတော့ ယောကျ်ားပေါ့ကွာ ဒါပေမဲ့''

''တိတ်စမ်းပါ . . . မျက်နှာမေ့''

သူက ကျွန်တော့်ကို မေးစေ့ကိုသူ့လက်ဖြင့် ခပ်ကြမ်းကြမ်းပင့်တင်ကာ မျက်လုံးနှစ်လုံးအား သွေးထားသော မကျည်းခေါက်အရည်ဖြင့် ကွင်းဝိုင်းပါတော့၏။

''ငြိမ်ငြိမ်နေ မျက်စိမှိတ်ထား''

သူ့အသံက အာဏာသံစစ်စစ်။ ယခုအချိန်တွင်တော့ ကျွန်တော့်မှာ သူ့ပြုသမျှနုနေရသည့်အဖြစ် မထူးတော့ပေ။ ကြိုက်သလိုသာလုပ်ပေရော့။

''ပြီးပြီ''

မျက်လုံးတွေအေးသွားသည်။ ကြည်သွားသည်။ ဟိုဟိုသည်သည်ကြည့်တော့ အလင်းတွေက ပိုပြီးထင်ရှားလာသည်။ တ်သည်က အမှောင်တွေ ပိုမိုလင်းလာခြင်းပင်။

''တစ်မျိုးကြီးပဲ''

''အဲ့ဒီလို တစ်မျိုးကြီးမှ တစ္ဆေကိုမြင်ရမှာ ငါလည်း ကွင်းလိုက်ဦးမယ်''

သူကလည်း သူ့ကိုယ်သူ ပြန်ကွင်းသည်။ တကယ့်ကို ဆရာကြီးဒီဇိုင်းပင်။

''ကိုင်း . . . ထ,သွားကြမယ် . . .''

''ဘယ်လဲ . . .''



www.burmeseclassic.com

www.burmeseclassic.com



"ချိုချိုသင်းသေတဲ့ မသာအိမ်ကိုပေါ့ကွာ ... သူ အဲဒီမှာ ရှိနိုင်တယ်... မနက်ဖြန်မှ ရက်လည်ကို... လာ..."

ကျွန်တော်တို့နှစ်ယောက် တစ်လမ်းပြီးတစ်လမ်း ကျော်ဖြတ်လာကြသည်။ တစ်ကောင်ကြွက်က ကျွန်တော့် ပခုံးကိုဖက်လို့။ လေလေးတရှူရှူချွန်လို့။

တစ်ကောင်ကြွက်ကတော့တက်ကြွသွက်လက်လွန်းနေသည်။ သူ့အဖို့ ပူပန်သောကရယ်လို့ မကြုံတွေ့ဖူးသည့်နှယ် လန်းဆန်းလှ၏ အားကျမိသည်။

အားကျလို့စိတ်နဲ့ အတူ တစ်ကောင်ကြွက် ကဲ့သို့ပင် ကျွန်တော်လေချွန်လိုက်၏။

နှစ်ဦးပြိုင်လေချွန်သံက ကွက်တိကွက်ကြားလရိပ်တွေမတိုးသာသော အုန်းပင်တန်းအမှောင်ထုထဲသို့ တလှစ်လှစ်တိုး ဝင်သွားသည်။

လေချွန်သံသည် စိတ်ကိုပျော်စေသည့် သာယာသံဖြစ်နေ၏။ ဒီအချိန်မှာ ကျွန်တော့်မိထွေးရဲ့ ပူလောင်လောင် မျက်နှာကြီးကို မမြင်ယောင်တော့ပါ။

ကျွန်တော့်ကို ဘယ်သောအခါမှ မျက်နှာချိုချိုနဲ့ မဆက်ဆံသော အဖေ့မျက်နှာကို မမြင်ယောင်တော့ပါ။

ကျွန်တော်မြင်ယောင်နေမိတာသည် သင်းမြမြအပြုံးချိုများနဲ့ စွဲမက်ဖွယ်ချိုချိုသင်း၏ မျက်နှာဖြစ်သည်။

ကန္တကလျန့်ရင်ခုန်သံမြန်စေအောင် ကိုယ်ဟန်ပြလမ်းလျှောက်တတ်သူ ချိုချိုသင်း၏ မို့မောက်ဝေ့ဝဲခန္ဓာကိုယ် အချိုးအဆစ်၊ အပြေအပြစ်များသာဖြစ်၏။

အုန်းလက်တွေက လေတိုက်တိုင်း ယိမ်းနေသည်။





လရောင်ကွယ်ရာ၌ အရိပ်မည်းမည်းများ တရိပ်ရိပ်ပြေးနေသည်။

ရှီး... ရှီး ...

ရှီး ...ရှဲ ...ရှဲ ...

ကျွန်တော်တို့လေချွန်သံနှင့် အုန်းလက်ရွက်မှာတို့ကြား လေတိုးသံသည် မကောင်းဆိုးဝါးတေးသွားတစ်ပုဒ်လို ချွန်ချွန်မြမြ ဖူးရှလျှက်ရှိ၏။ မမြင်ကွယ်ရာလောကထဲမှ နာနာဘာဝတွေအတွက် တပ်လှန့်နှိုးဆော်နေသည်လို့ ထင်မိ၏။

ကျွန်တော် ပျော်သယောင်ယောင်ထင်သည့် တိုင်အောင် ကြောင်လန့်စိတ်က ထိတ်ထိတ်ပျာပျာဖြစ်စေသည်။

ဖျတ် ... ဖျတ် ... ဖျတ်

ဖလပ် ...လပ် ...လပ် ...

ကြောက်စိတ်နဲ့ ခပ်သွက်သွက်လျှောက်မိသည့် ခြေသံများကို အုန်းရွက်လှုပ်ခတ်သံများက ပွဲတင်ပြုလျှက်ရှိသည်။

ခြေသံများ အုန်းရွက်ခတ်သံများသည် ထင်သည်ထက်ပို မို၍ကျယ်လောင်သည်ထင်မိ၏။

အတုအယောင်ခြေသံတွေလား ...

အုန်းလက်မဟုတ်သော အုန်းရွက်ခတ်သံတွေလား ...

သံသယဖြစ်ဖွယ်အသံတွေရောယှက် ရောယောင်ပါလာပြီလားထင်သည်။

စိုးထိတ်ခြင်း၊ သံသယများက ရင်ကိုမီးစနဲ့ထိုးသလို ပူလောင်စေ၏။

ပြီးတော့ ကျောပြင်ကိုရေခဲရေနဲ့ လောင်းချသလိုအေးစက်သွားတော့အောင် ကျောစိမ့်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသော အသံတွေသည် အုန်းရွက်ခတ်သံများဟု လည်းထင်ရ၏။ လူတွေလမ်းလျှောက်လာသံဟုလည်း ထင်ရ၏။

ထဖျတ်ဖျတ်ခြေသံတွေက တဖျပ်ဖျပ်လင်းလင်းသွားသော အုန်းရွက်ကြိုးကြား လရောင် ရောင်ပြေးများဆီမှ လာသည်ထင်၏။

ကျွန်တော် ခြေလှမ်းတုံ့ခနဲရပ်လျှက် အယောင်ဆောင် ခြေသံတွေကို နားစွင့်ကြည့်လိုက်သည်။

တစ်ကောင်ကြွက်လည်း ခြေစုံရပ်လျှက် ကျွန်တော့်ကို ပြူးပြူးကြီးကြည့်သည်။ သို့ပေမဲ့ ...

အသံတွေ ကြားနေရသည်။

ဆက်ပြီးကြားနေရသည်။

ကျွန်တော်တို့လမ်းမလျှောက်ပါဘဲ လမ်းလျှောက်သံများ ကြားနေရသည်။

ကျွန်တော်တို့ လေချွန်မိရင် ထိုသို့မကောင်းဆိုးဝါး ခြေသံ များကြားရခြင်းဖြစ်သည်။

ဒါဆို ကျွန်တော်တို့ လေချွန်တာရပ်မှဖြစ်မည်။

ကျွန်တော်သတိဝင်စွာနဲ့ လေချွန်ရပ်ပစ်လိုက်၏။

ရှီ ...

ရှီ ...

ရှီး..

ကျွန်တော့် ဆံပင်မွေးတွေ အမြောင်းမြောင်းထောင်သွား လေသည်။

လေချွန်ရမှာ ကြောက်ရွံ့လှသည့်ကျွန်တော် လေချွန် ရပ်တန့်လို့မရနိုင်တော့ပါ။





ကြောက်မက်ဖွယ် လေချွန်သံစူးရဲရဲကြီးကို မရပ်မနားချွန် နေမိလေပြီ။

ထိပ်လန့်ဖွယ်ကိုယ့်ပါးစပ်ကို လက်နဲ့ပိတ်ဖို့ကြိုးစားသည်။ သို့သော် လက်ရောခြေရော မလှုပ်နိုင်အောင်စည်းနှောင်ထားသည့် နှယ် လှုပ်ရှားလို့မရတော့ပါ။ တုတ်တုတ်မျှလှုပ်မရ။

လေဖြတ် လူနာတစ်ယောက်အလား စိတ်အလိုသို့ကိုယ် မလိုက်နိုင်ခြင်းက ရင်တစ်ပြင်လုံး မွန်းသိပ်မောက်ဟိုက်လာစေ၏။

ခြေသံတွေက ကျယ်သည်ထက် ပို၍ ပို၍ကျယ်လောင်လာ သည်။

ဘေးဘီ ဝဲယာအနှံ့မှ ခြေသံများ နီး၍နီး၍လာ၏။

ကျွန်တော်သိလိုက်သည်။ ကျွန်တော်နဲ့တစ်ကောင်ကြွက် တို့နှစ်ယောက် မကောင်းဆိုးဝါးတွေရဲ့ အလယ်မှာ ချည်ပြီးတုတ် ပြီး ပိတ်မိနေလေပြီ။

ရှီ ...

ရှီ ...

လေချွန်သံကရပ်တန့်မရရုံသာမက ပို၍ပင် ချွန်စူးရှည် လျားလို့လာချေပြီ။

တချို့က အရှေ့ခပ်လှမ်းလှမ်းရှိ အသုဘအိမ်အနီးရောက် သွားသည်။

တချို့က အနောက် နီးနီးဝေးဝေးဆီးမှလှမ်းလာဆဲပင် ရှိသေးသည်။

လေချွန်သံရှည်လျားခြင်းနှင့် အတူခြေသံတွေက ကြောက် မက်ဖွယ်ရာမြန်ဆိုလို့လာ၏။

ပထမ ဖြည်းဖြည်း မှန်မှန် ...



www.burmeseclassic.com

www.burmeseclassic.com



နောက် ပိုမြန်လာ၏။

နောက်တော့ ပန်းဝင်မည့် မာရသွန်အပြေးသမားများလို အလုအယက် အပြေးအလွှား။

မောကြီးပန်းကြီး အသက်ရှိုက်သံများကိုပင် အသက်ရှူမှားဖွယ် တိတိပပကြားနေရသည်။

''ဟင်''

ကျွန်တော်နလုံးသားယေ်သည့် လက်ကြမ်းကြီးနဲ့ အဆုပ်နယ်ခံရသကဲ့သို့ ကြမ်းရှထိတ်လန့်သွားသည်။

တစ္ဆေ သရဲတွေလား ...

လူတွေလား ...

ရုပ်လုံးမကွဲမပြား အရိပ်မည်းများ ဖျက်ခနဲပေါ်ချည်ပျောက်ချည်။

ဦးတည်ရာအရပ်ကတော့ ချိုချိုသင်း၏ အိမ်လေးဆီသို့ အလုအယက် ပြေးလွှားသွားနေကြသည်။

ရှေ့မှ ပြေးသူတို့က ပြေး၏။

နောက်မှ လိုက်သူတို့က လိုက်၏။

ကျွန်တော့်လေချွန်သံကား ပို၍ပို၍ ရှည်လျားစူးရဲလာ၏။

နောက်မှ အရိပ်မည်းကြီးများ ကျွန်တော်နှင့် ဟစ်ကောင်ကြွက်၏ ခန္ဓာကိုယ်များကို တဝုန်းဝုန်းနဲ့ ဖြတ်ပြေးကြ၏။ တိမ်လို၊ လေလို၊ မီးခိုးလို ပေါ့ပါးစွာဖြတ်တိုးနိုင်စွမ်းကြသည်။

ပုံသဏ္ဌာန်တွေကမူ မမှန်ကန် ပုံပန်းအတိအကျရယ်လို့ ရုပ်ဖော်လို့ မရနိုင်။

တချို့ ခေါင်းစုတ်ဖွားဖွား ဦးခေါင်းကြီးများ ကိုယ်ထည်





မည်းကြီးများ ကြည့်ရင်းနဲ့လည်း ကိုယ်ထည်များ ဦးခေါင်းများသည် ရောထွေးယှက်တင်ရှုပ်ပွနေသည်။

ထိုအရိပ်မည်းကြီးများ ကသောင်းကနင်းဖြစ်မှုထဲမှာ ကျွန်တော် အတိအကျ မြင်လိုက်ရသည်။ ကိုယ်ဟန်နွဲ့နှောင်းနှောင်း တစ်ယောက်။ ဆင်မယဉ်သာ လျှောက်လှမ်းသွားသည်။ နောက်မှ လှမ်းမြင်ရရုံနဲ့ကို မိန်းမချောမှန်းသိသာတယ်။

ထိုကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ်ကို ကျွန်တော်မြင်ဖူးသလိုလိုထင်သည်။

ဘယ်သူလဲ ...

ဘယ်ကလဲ ...

ဘယ်မှာမြင်ဖူးခဲ့သလဲ ...

ကျွန်တော် အဆက်မပြတ် လေချွန်ရင်း မှတ်ဉာဏ်ကို ပြန်လည်တူးဖော်နေပါသည်။ မောကြီးပန်းကြီး ...

ရွှီး ...

လေချွန်သံအသေးမျှင် အရှည်လျားဆုံးရှည်ဆန့်သွားဝယ် မိန်းမလှလေး ကျွန်တော်တို့ဘက်သို့ သမင်လည်ပြန်ကြည့်လိုက်သည်။

အသူ့ဘာအိမ်မှ မီးအလင်းရောင်ကြောင့် မျက်နှာလှလှလေးကို ပြတ်ပြတ်ထင်ထင် တွေ့လိုက်ရတော့သည်။

''အား ...''

ကျွန်တော်မျိုသိပ်ထိန်းချုပ်ခြင်းများ ပဈမ်းသာတော့သည့် ကြောက်စိတ်များနဲ့ အသံကုန်အော်ဟစ်မိတော့သည်။

လေချွန်သံလည်း တိခနဲ ပြတ်ကျသွား၏။

အရိပ်မည်းကြီးများလည်း ဖုတ်ခနဲပျောက်ကွယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သမင်လည်ပြန်ကြည့်သူ ချိုချိုသင်း သူမအိမ်ထဲ ပြေးဝင်သွားသည်ထင်၏။ ကိုယ်ယောင်ပျောက်ပျက်သွား၏။ ကျွန်တော့်ခြေတွေလက်တွေ ပြန်လှုပ်နိုင်လေပြီ။

ထိုစဉ် သူမအိမ်ဆီမှအသံများက ကျွန်တော်နှင့်တစ်ကောင်ကြွက် ရပ်နေမိရာ အုန်းပင်ကြီး အောက်အထိ ပြေးထွက်လာတော့သည်။

ဂလုံ ...

ဂလွမ် ... လွမ် ...

ဝုန်း ...

စီထပ်ထားသော ဒယ်အိုး၊ ဒန်အိုးတွေ ပြုတ်ကျကုန်၏။

"ဟဲ့ အိမ်ပေါ်က ဘယ်သူလဲ"

ယောကျ်ားတစ်ယောက်နှင့် မိန်းမနှစ်ယောက် အသံပေးရင်းအိမ်ပေါ် တက်သွားကြသည်။

ဖဲရိုက်သူတွေကတော့ ဖဲထဲမှာ အာရုံနှစ်နေ၍ထင်သည်။ မည်သူမျှ သတိထားမိကြပုံမရ။

ကျွန်တော့် မျက်စိနဲ့တပ်အပ်မြင်ရသော ချိုချိုသင်းသည်ကော၊ ချိုချိုသင်း တစ္ဆေမဟုတ်ပါလေလား။

ကျွန်တော့် ကြောက်စိတ်ဦးစီးခဲ့၍ပဲလား ...

အကြောက်လွန် လေချွန်မိခြင်းနဲ့ အုန်းပင်တန်းအကြားလရောင်ဖြတ်ပြေးမှုကို ထင်မိထင်မှားခြင်း ဖြစ်နိုင်သည်။

မည်သို့ဆိုစေ စောစောကမြင်ကွင်းတွေ့ အသံတွေ ပုံရိပ်မည်းတွေ ဦးခေါင်းတွေ ကိုယ်လုံးကြီးတွေ ခြေသံတွေကတော့သူ့ကို ရှုးမတာ က်ဂ ုန်လှုပ်ချောက်ချားစေခဲ့ပါသည်။

သူက သ ကြောက်လန့်နေသော်လည်း တစ်ကောင်ကြွက်





ကတော့ မထီတရီနဲ့ မခိုးမခန့်ပြုံးမဲ့ပြုံးနေ၏။

"အမလေး ... ထွန်းဆောင် ... လန့်တာဟယ် ... အိမ်ပေါ်မှာ ဘယ်သူတွေလဲ ... ငါတော့ မတွေ့မိဘူး"

"ဘယ်သူမှမရှိဘူးဟ"

"ဟင် ... ဒါဆို ချိုးသင်းလာခြောက်တာလား မသိဘူးနော် ... အမျှဝေပါဟဲ့ ... အမျှဝေကြပါ"

"ဟုတ်မယ် ဟုတ်မယ် ... ချိုသင်းခြောက်တာပဲဖြစ်ရမယ်၊ ချိုသင်းရေ ... အမျှ ... အမျှ ... အမျှ ... ဟဲ့ ... ကြည် ဘုရားစာရွတ်စမ်း"

"ဘာရွတ်ရမှာတုန်း သာလှရဲ့ ..."

"ဘာပဲဖြစ်ဖြစ်ဗျာ ... သမ္ဗုဒ္ဓေလေးဘာလေးပေါ့"

ဒေါ်ကြည်ဆိုသည့် မိန်းမကြီးက ဘုရားစာရွတ်ဆိုသောသံ ဘာသံမျှ မကြားရတော့။

"ဝေးဝေးလံလံတော့ သွားမှာမဟုတ်ဘူး ... မနက်ဖြန်ရားနာ အမျှဝေလုပ်ရဦးမှာ ..."

ကျွန်တော် ဝါးခန် တစ်ချက်သန်းလိုက်တော့ ...

"ဘာလဲ အိပ်ချင်နေပြီလား ..."

"အိပ်လည်း အိပ်ချင်တယ် ... ခြင်လည်းကိုက်တယ်"

"ဒါဆို ... မင်းအိမ်အထိ ငါလိုက်ပို့ပေးမယ် ..."

"အကောင်းဆုံး အစီအစဉ်ပေါ့ကွာ ... ငါ မျက်လုံးကတွေ ဖျတ်လိုက်တော့မယ်"

"လမ်းမှာ ထပ်ပြီးမြင်နေရမှာစိုးလို့လား"

"ဘာတစ္ဆေမှ မမြင်ချင်တော့ဘူး ..."

ကျွန်တော်က တံတွေးများဆွတ်ကာ ဖျက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက် အကျီစနှင့် သုတ်နေစဉ် ...

"တော်တော်သရဲဘောကြောင်နိုင်တဲ့ကောင်"

"မင်းကြိုက်သလိုပြော ..."

"ကဲ ... သွားမယ် ... သွားမယ် ..."

အပြန်လမ်းတွင် ပုံမှန်မျက်လုံးပြန်ဖြစ်သွားသောကြောင့် ဘယ်တစ္ဆေသရဲကိုမျှ မမြင်ရတော့ပါ။ ထို့အတွက် စိတ်ချမ်းသာရ ပါ၏။ အိမ်နားသို့ ရောက်သည့်အခါ ...

"ကဲ ... အိမ်ထဲဝင်တော့ နောက်အပတ် စနေနေ့ကျရင်လည်း အခုလိုဆုံကြရအောင်"

"ဘယ်မှာလဲ ..."

"ဒီနေ့ စတွေ့တဲ့နေရာမှာ ..."

"မင်းက တကယ်လာမှာမို့လို့လား ..."

"စောင့်ကြည့်ပေါ့ကွာ ..."

"ထွက်လာမှာလား ..."

"အေး ..."

ထို့နောက် ... ကျွန်တော် အိမ်ဆီသို့ လှမ်းလာခဲ့သည်။ နောက်သို့ လှည့်ကြည့်သောအခါ တစ်ကောင်ကြွက်မရှိတော့။ ယ လို အထီးကျန်ဆန်စွာ အဖော်မဲ့နေသော အခါမျိုးတွင် တစ်ကောင် ကြွက်လိုကောင်နှင့် သိကျွမ်းရသိအဘွက် အပျင်းတော့ပြေသားဟု တွက်မိသည်။

⁂



## (၈) ပြဿနာတက်တဲ့ည

နောက်တစ်ပတ် စနေနေ့။ တစ်ကောင်ကြွက်ချိန်းထားရာသို့ ကျွန်တော်ရောက်သွားသည်။

"နောက်ကျလှချည်လားကွာ.. စောင့်နေတာကြာလှပြီ"

"ငါ့မိထွေး မအိပ်သေးလို့ ... "

"မင်းမှာလည်း အဲဒါ တစ်ဒုက္ခ ... အဆောင်တစ်ခုခု ပြောင်းနေပါလား ... "

"စဉ်းစားထားတယ် ... တစ်နေ့ အဖေ့ကိုဖွင့်ပြောပြီး အဆောင်မှာသွားငှားနေမယ် ... ဒီနေ့ဘယ်သွားကြမလဲ"

တစ်ကောင်ကြွက်ကပြုံးစိစိလေးလုပ်ကာ ...

"ဘယ်သွားမလဲ... သိချင်ရင် ငါနဲ့လိုက်ခဲ့ ... "

သူက မှောင်နေသည့် လမ်းကြိုလမ်းကြားလေးတွေမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကျွန်တော်က သူ့နောက်မှ တကောက်ကောက်။ သူက အသံခပ်အုပ်အုပ်ဖြင့် ...

"လမ်းလျှောက်တာ အသံမမြည်အောင်လျှောက်စမ်းပါကွ မင်းဟာက တစ်ကမ္ဘာလုံးကြားရတဲ့အတိုင်းပဲ ... "

ပစိပစပ်များသော မာန်မဲသံပါ သူ့စကားကိုကြားတော့ ကျွန်တော် နည်းနည်းဒေါကန်သွားသည်။

"ကျုယ်တော့ ဘာဖြစ်သေးလဲကွာ ... "

"အသုံးမကျတဲ့ကောင် ... တို့နောက် ရဲတွေလိုက်လာပြီ စစ်လားဆေးလားလုပ်ရင် ဘယ်လိုလုပ်မလဲ ... ကိုယ့်အကြံ လူသိသွားမှာပေါ့ ... "

သူ့စကားတွေကို ကျွန်တော်နားမလည်ပါ။

"ရဲတွေ ... နောက်ပြီး ... မင်းအကြံ ... ဘာတွေ လဲကွာ ... ဘာတွေလဲ ... "

"နားမလည်လည်း အေးအေးဆေးဆေးလိုက်ခဲ့ ... စကားမရှည်နဲ့ ... "

"ဆရာကြီးပုံစံနဲ့ပါလား ... "

"ဟုတ်တယ် ... ဆရာကြီးပဲ အထူးသဖြင့် မင်းရဲ့ ဆရာ"

"သွားစမ်းပါ ... "

တစ်နေရာ အရောက်တွင် မှောင်ရိပ်အောက်မှ စက္ကူပုံး ကြီးကို လက်ညှိုးထိုးပြရင်း။

"ကဲ ... အဲဒါတွေ မင်းယူသွားတော့"

"ဘာတွေလဲ"





"အထဲမှာ အချိုရည်ဘူးတွေ ... မင်းကို လက်ဆောင် ပေးတယ်ပဲ သဘောထားလိုက် ... မင်းက စိတ်ညစ်ပြီး အမြဲ တမ်း ပိုက်ဆံပြတ်နေတဲ့ကောင် ... ဒါကြောင့်မို့ သောက်ချင် သောက် မသောက်ချင်ရောင်း ... "

"မင်း ဘယ်ကရလာတာလဲ ... "

"ဒါတွေမမေးနဲ့ သူငယ်ချင်း ... မင်းအခက်ခဲကိုသိလို့ ကူညီတာ ... "

ကျွန်တော် စက္ကူကတ်ထူဘူးကြီးကို ဖွင့်ကြည့်တော့ အချို ရည်ဘူးတွေကို မှုန်ဝါးဝါးမြင်နေရသည်။

"မင်း အချိုရည်ဘူးတွေက များလှချည်လား ... ဟင်"

နောက်သို့ လှည့်ကြည့်တော့ တစ်ကောင်ကြွက် ခပ်သွက် သွက်ထွက်ပြေးသွားတာတွေ့၏။

"ဟေ့ ... ဟေ့ ... ဟေ့ကောင် နေဦးလေကွာ"

ကျွန်တော့်မှာသာ ပါးစပ်အဟောင်းသားနှင့် တွေဝေငေး မောလျက်။

ထိုစဉ်အခိုက် လက်နှိပ်ဓာတ်မီးအလင်းရောင်တွေက သူ့ အပေါ်ကျလာ၏။

"ဟေ့ ... မင်း ဒီမှာဘာလာလုပ်နေတာလဲ"

ရပ်ကွက်မှ လုံခြုံရေးတာဝန်ကျသူနှင့် ကင်းသမားတစ် သောက်။

ကျွန်တော် ဘာပြန်ဖြေရမှန်းမသိအောင် ဖြစ်သွားသော ကောင် ဘယ်လောက်လျှင်လိုက်ပါသလဲ။ လူသံကြားလို့ ထွက် ပြေးသွားတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"အချိုရည်ဘူးတွေ များလှချည်လား ... ဘယ်ကရတာ လဲ ... "

"ကျွန်တော့် သူငယ်ချင်းပေးသွားတာ ... "

"ဘယ်သူငယ်ချင်းလဲ ... "

"နာမည်မသိဘူး ... "

"ဘယ်လိုကောင်တုန်းကွ ... ကြောင်တောင်တောင်နဲ့"

"ဒီဘူးတွေကြည့်ရတာ ဒီရှေ့က ကိုသန်းထိုက် စတိုးဆိုင် ကဖြစ်လိမ့်မယ်"

"သွားနှိုးလိုက်စမ်း ... "

လုံခြုံရေးမှူးက ဆက်မေးနေသော်လည်း ကျွန်တော် သည့်ထက်ပို၍ ရှင်းမပြတတ်တော့ပါ။ စတိုးဆိုင်ပိုင်ရှင်ကို နှိုး၍ ခေါ်လာခဲ့သည်။

"ကိုသန်းထိုက်ပါ ... ခင်ဗျားပစ္စည်းတွေမှလား"

ဆိုင်ရှင်က သေသေချာချာကြည့်ကာ ...

"ဟာ ... သိပ်ဟုတ်တာပေါ့ဗျာ ... ဆိုင်အရှေ့ခန်းမှာ ထားတဲ့ ကျွန်တော့်ပစ္စည်းတွေ ... "

ဘာမှပြောမနေတော့ဘဲ ရပ်ကွက်ရုံးခန်းသို့ခေါ်သွားသည်။ အိမ်မှ လူကြီးကို အကြောင်းကြားခိုင်းလိုက်၏။ အဖေရောက်လာ သောအခါ အဖြစ်အပျက်က တစ်မျိုးပြောင်းသွားသည်။ ရပ်ကွက် လူကြီးနှင့်ရော စတိုးဆိုင်ပိုင်ရှင်ပါ အဖေ့အသိအကျွမ်းတွေ ဖြစ်နေ ခြင်းပင်။ အဖေက တောင်းပန်စကားဆိုသည်။ ပစ္စည်းအတွက် အလျော်ပေးလိုက်သည်။ အဖေ့ဂုဏ်သိက္ခာကို ယုံကြည်၍ အားလုံး ကျေအေးသွားကြပြီး ကျွန်တော့်ကို အိမ်ပြန်ခေါ်လာခဲ့သည်။





အိမ်ရောက်သောအခါ အဖေ ဒေါသထွက်လွန်း၍ မျက်နှာ ကြီးတစ်ခုလုံး နီမြန်းနေ၏။ ကျွန်တော်ကအဖြစ်မှန်အားလုံးကိုရှင်းပြ ခဲ့သည်။

"ဒီကောင် ဘယ်ကလဲ ... ဘယ်သူလဲ ... "

"ကျွန်တော်မသိဘူး အဖေ ... "

"မသိတဲ့ ကောင်တစ်ကောင်ရဲ့ ပေးသမျှကို ယူရသလား ကွ ... "

"ကျွန်တော် ... "

"တော် ... မင်းဟာလေ စာရေးဆရာယောင်ယောင် အယောင်နဲ့ ပါးစပ်ထဲရှိတာတွေလျှောက်ပြောနေတာ ... စိတ် ရှုသည်နေတာ ... "

"အဖေ ကျွန်တော်ပြောတာတွေကို မယုံလို့လား"

"ဟေ့ကောင် ... ဆက်မပြောနဲ့တော့ ... အဓိပ္ပာယ် မဲ့တာတွေ ... တော်က် ... ဘယ်လောက်ရှက်စရာကောင်း ထိုက်လဲကွာ ... "

ဘာကြောင့်များလူတွေက အမှန်တရားကို လက်မခံချင် ကြတာလဲ။ ယုံကြည်မှုမပေးနိုင်ကြတာလဲ။ ကျွန်တော့်စိတ်ထဲ ခပ် ငိုင်ငိုင်လေးဖြစ်ကာ ...

"အဖေ ကျွန်တော့်ကို မယုံဘူးဆိုတာ သိသွားပြီ။ အဖေ စိတ်ချ ... ကိစ္စမရှိဘူး ... အဖေ ကျွန်တော့်ကိုယုံအောင်လုပ် ပြမယ် ... ဒီကောင့်ကို မတွေ့တွေ့အောင်ရှာပြီး ကောင်းကောင်း ထိုးစစ်ရမယ် ... ပြီးရင် အဖေ့ဆီခေါ်လာပြီး ဝန်ခံခိုင်းရမယ် ဒါဟာ ကျွန်တော်လုပ်ရမယ့်အလုပ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အခန်းထဲကို တရကြမ်းပြေးဝင်လာခဲ့သည်။ ထို့နောက် အိပ်ရာပေါ် ဝုန်းခနဲပစ်လှဲကာ မျက်နှာကို ခေါင်းအုံးနှင့် အပ်ထားလိုက်သည်။

ဟုတ်သည်။ အမှန်တရားအတွက် သည်ကောင့်ကို ရှာမှ ဖြစ်တော့မည်။

⌘



## (၉) ရှာပုံတော်ဖွင့်ခဲ့ခြင်း

နောက်တစ်နေ့မှစကာ ကျွန်တော် တစ်ကောင်ကြွက်ကို ရှာပုံတော်ဖွင့်တော့မည်။ နေ့ရော၊ ညရောပင်၊ နေရာအတိအကျ မသိသူကို ရှာဖွေရခြင်းမှာ ဘယ်လောက်များခက်ခဲပါသလဲ။

"ဒီကောင့်ကို မတွေ့သရွေ့... အဖေ ငါ့ကိုယုံကြည်မှာ မဟုတ်ဘူး... "

ကျွန်တော် တစ်ကောင်ကြွက်ရှာပုံတော်လုပ်ငန်းကို ဇွဲနဘဲ နှင့် အရှိန်အဟုန်ဖြင့် လုပ်ဆောင်ခဲ့သော်လည်း အစအနပင် ရှာ မတွေ့။

တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်...။

တစ်လလောက်ကြာတော့ စိတ်ပျက် စိတ်လျှော့ချင်လာ သည်။ ထိုနှစ်က ကျွန်တော် (၁၀)တန်းဖြေမည့် နှစ်လည်းဖြစ်ပါသည်။ ထိုနှစ်က ဟုတ်တိပတ်တိလည်း စာကျက်လို့မရ။ ထို့ကြောင့်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တနိုးမအောင်ခဲ့။ အဖေဆုတော့ မြို့လေးနှင့် အလှမ်းဝေးသော မြို့တွင် ကျူရှင်ပြန်တက်ကာ ဖြေမည်ဟု ဆိုလျက်ထွက်လာခဲ့သည်။

ထိုမြို့မှာပင် ဘော်ဒါဆောင်ငှားလျက် တစ်ယောက်တည်း နေခဲ့သည်။

ဟစ်နေ့ အဖေဆုံးပြီဟု သတင်းကြား၍ မြို့လေးသို့ အပြေးအလွှား ပြန်လာခဲ့ရသည်။ အဖေ့အသုဘတွင် ကျွန်တော်စိတ်ထိခိုက်မှု တစ်စုံတစ်ရာမရှိခဲ့ပါ။ ကျွန်တော့်အပေါ် မယုံသင်္ကာဖြစ်သွားသည့် အချိန်မှစကာ အဖေ့အပေါ် သံယောဇဉ်ပြတ်ခဲ့ခြင်းဖြစ်၏။ ကျွန်တော်သီးသန့် အမြင်ကိုပြောရပါလျှင် ကျွန်တော့်ဘဝတွင် အဖေဆုံးခဲ့သည်မှာ သက်ရှိထင်ရှားရှိနေကတည်းကပင်။

ခုတော့ ကျွန်တော့်မှာလည်း တစ်ကောင်ကြွက်စစ်စစ်ဖြစ်ခဲ့ရပေပြီ။

အဖေရက်လည်ပြီး မကြာခင်တစ်ရက် တစ်ကောင်ကြွက်နှင့် ပတ်သက်သော သတင်းအစအနတစ်ခု ရခဲ့သည်။

အဖေ့စာကြည့်ခန်းရှင်းလင်းရာမှ လချုပ်ဂျာနယ်တစ်စောင်ထဲတွင် တစ်ကောင်ကြွက်၏ဓာတ်ပုံကို မျှော်တလျက် မြင်လိုက်ရခြင်းဖြစ်သည်။

"အမည်မဖော်လိုသော အလစ်သုတ်သမားလေး"

သတင်းမှာ ရွှေဆိုင်တစ်ဆိုင်မှ ရွှေဆွဲကြိုးတစ်ကုံး လုယူထွက်ပြေး၍ ရဲက ဖမ်းမိသော အကြောင်းပင်ဖြစ်သည်။ နာမည်ကဖော်မပြထား။ ကျွန်တော့်မှာသတင်းထက် သူ့ဓာတ်ပုံကိုသာအလွန်အမင်းစိတ်ဝင်စားနေ၏။





"ဒါ တစ်ကောင်ကြွက်မှ တစ်ကောင်ကြွက်စစ်စစ်"

ထိုအခါ အဖေ့ကို သတိတရဖြစ်သွားသည်။ အဖေတွေ့လိုက်လျှင် ဘယ်လောက်များကောင်းလိုက်လေမလဲ။

"ကျွန်တော့်အထောက်အထားတွေ အဖေ့ကို ပြချင်လိုက်တာ။ ဒါဆို အဖေယုံကြည်သွားမှာ ကျိန်းသေတယ်"

ကျွန်တော် ဂျာနယ်ကိုချလျက် ဦးတည်ရာဘက် လျှောက်လာခဲ့သည်။ ရည်ရွယ်ချက်မရှိ။ ရဲစခန်းနားရောက်တော့ ခေါင်းထဲသို့ စိတ်ကူးတစ်ခုဝင်လာခဲ့ပေ၏။

ဒီမြို့မှာဖြစ်တော့ ဒီရဲစခန်းပဲပေါ့။ ခုလောက်ဆို ထောင်များကျနေပြီလား။ အမှုရင်ဆိုင်ဆဲပဲလား။ ဒါမှမဟုတ် ဘယ်ရောက်နေနိုင်လဲ။

"အမေးရှိရင်တော့ အဖြေရှိနိုင်တယ်"

ထို့ကြောင့် တာဝန်ကျရဲအုပ်ကို ဝင်မေးကြည့်သည်။ ရဲအုပ်က ကျွန်တော်ပြောသမျှကို စားပွဲပေါ်လက်လေးတဒေါက်ဒေါက်ခေါက်ရင်း နားထောင်ပေးအပြီး ...

"မင်းပြောသလို နာမည်မရှိတဲ့ အလစ်သုတ်သမားဆိုတာ မဖြစ်နိုင်ဘူး"

"ဂျာနယ်ထဲမှာတော့ ဒီစခန်းက ဖမ်းတယ်လို့ထင်တယ်"

"မှာင်းဂျာနယ်လား ... "

"ဟုတ်ပါတယ် ... "

ရဲအုပ်က မျက်မှောင်တစ်ချက်ကျုံ့လိုက်ပြီး ခေါင်းကို ခါယမ်းလိုက်၏။

"မင်းမှားနေပြီ ... ဒီလပိုင်းထဲမှာ မင်းပြောတဲ့ အမှုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဘာရားခံမျိုးမရှိဘူး ... နောက်ပြီး နာမည်မဖော်ပြနိုင်တဲ့ တရားခံမျိုးလည်း ငါတစ်သက် မကြားဖူးဘူး ... ”

“ကျွန်တော်လည်း သေသေချာချာဖတ်ခဲ့တာဗျ ... ”

“ကောင်လေး ... မင်းကျန်းမာရေးကောင်းပါတယ်နော်”

“ကျွန်တော့်ကို ရူးနေတယ်ထင်လို့လား”

“မဟုတ်ပါဘူးကွယ် ... ဦးက စိုးရိမ်လို့ပါ ... ”

လာပြန်ချေပြီ။ အဖေ့လိုလူစားမျိုး။ ကျွန်တော် မခံမရပ်နိုင်ဖြစ်ရသည်။

“ဒါဆို ... ခဏလေးစောင့် ... ကျွန်တော် ဂျာနယ်ယူလာပြမယ် ... ”

ကျွန်တော့်ဘက်မှာ သည်သက်သေတစ်ခုတည်းသာရှိတော့၏။ အမှန်တရားနှင့် ပတ်သက်လာလျှင် ရင်ကော့၍ လက်မထောင်ချင်သူ၊ ကျွန်တော် အိမ်သို့အမောတကော ပြန်လာခဲ့သည်။ အိမ်ရောက်တော့ အထပ်လိုက်ပုံထားသော ဂျာနယ်များကိုမတွေ့။

“ဒေါ်လေး ... ဒေါ်လေး ... ဗျို့ ဒေါ်လေး”

မျက်စိကလည်း ဒေါင်းတောင့်အောင်ရှာ။ ပါးစပ်ကလည်း အော်ခေါ်။

“ဒေါ်လေး ... ဒေါ်လေး ... ”

ကျွန်တော့်မိထွေး တစ်ဖက်အိမ်မှကူးလာသည်။

“ဒီလောက်တောင် ဘာလို့အော်ဟစ်နေရတာတုန်း”

“ဟောဒီမှာထားတဲ့ ဂျာနယ်တွေကော”

“စက္ကူလိုက်ဝယ်တဲ့ ကုလားကို ရောင်းပစ်လိုက်ပြီ”





“ခင်ဗျာ ... ”

ခေါင်းကို မိုးကြိုးအပစ်ခံရသလိုဖြစ်သွားသည်။

“ဒုက္ခပါပဲ ... ရောင်းလိုက်တဲ့ ကုလားကိုသိလား”

“ဘယ်သိမှာတုန်း ... ”

“သွားပါပြီ ... သွားပါပြီ ... ”

“ဘာသွားတာလဲ ... ”

“ကျွန်တော် သက်သေမပြနိုင်တော့ဘူး ... ”

“မင်းပြောတာတွေက ငါတစ်ခုမှနားမလည်ဘူး”

“ကောင်းတယ် ... ကောင်းတယ် ... နားမလည်တာဟဲကောင်းတယ် ... နားလည်နေရင် ပိုရှုပ်ကုန်မယ် ... ”

တန်ဖိုးထားရသော အရာတစ်ခုပျောက်သွားသလို ရင်ထဲတွင် လစ်ဟာနုံးချိသွားရ၏။ ကျွန်တော် ရဲအုပ်ကြီးအား ဘာမျှသက်သေမပြနိုင်တော့ပါ။

“ဟူး ... ကံကိုက ဆိုးလွန်းလှပါတယ် ... ”

သို့ဖြင့် နောက်တစ်နေ့တွင် ကျွန်တော်ငှားထားသော ဘော်ဒါဆောင်လေးရှိရာမြို့သို့ ပြန်လာခဲ့သည်။

ယင်းနောက်ပိုင်းတွင် တစ်ကောင်ကြွက်အား ရှာဖွေခြင်းအလုပ်ကို ရပ်ဆိုင်းလိုက်၏။

“တော်ပြီ တစ်ကောင်ကြွက်။ မင်းကို ငါမရှာတော့ဘူး။ ရှာတော့လည်း ဘာအကျိုးရှိမှာ မို့လို့လဲ ... မင်းကို ငါ့ခေါင်းထဲက ထုတ်လိုက်ရမယ် ... ”

ထိုအခါ ကျွန်တော့်တွင် စိတ်၏ လွတ်လပ်မှုကို ခံစားရ၏။ အလိုမပြည့်၍ တင်းကျပ်မှုတွေမဖြစ်တော့။ ဒေါသဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



သည်းမခံနိုင်မှုတွေ မဖြစ်တော့။ ထို့အပြင် ကျောင်းစာကို ပိုမိုစိတ်ဝင်စားစွာ လေ့လာကျက်မှတ်လာနိုင်ပြန်၏။ ထာဝရအရိပ်သဖွယ် ကပ်ငြိလာခဲ့ရသော လျှို့ဝှက်သူ တစ်ကောင်ကြွက်မရှိတော့သဖြင့် စိတ်မှာ ကြည်လင်လန်းဆန်းလာပါတော့၏။

⌘



## (၁၀) စောက်ထွင်းဆိုးယူသွားသူ

ကျွန်တော် ငှားနေသော ဘော်ဒါဆောင်ပိုင်ရှင်မှာ အပျိုကြီးဖြစ်သည်။ အသက်(၃၀)ကျော်ကျော်လောက်ရှိမည်။ တောင့်တောင့်ဖြောင့်ဖြောင့်ဆိုသော်လည်း ရုပ်ရည်ကတော့ သိပ်မလှ။ သို့သော် ပြင်တတ်ဆင်တတ်လွန်းသောကြောင့် ကြည့်ပျော်ရှုပျော်ဟုတော့ ဆိုရမည်။

အဆောင်က သိပ်ကြီးကြီးမားမားမဟုတ်။ အပေါ်(၇)ခန်း၊ အောက်(၇)ခန်းလောက်သာရှိသည်။ အပေါ်ထပ်တွင် ယောက်ျားလေးတွေကို ထားတတ်သည်။ မိန်းကလေးတချို့ကိုတော့ အောက်ထပ်မှာထားသည်။ ကျွန်တော်က အပေါ်ထပ်ဝဲဘက်ထောင့်ဆုံးအခန်း။

ရောက်စက ခပ်တန်းတန်းနေသော်လည်း နောက်ပိုင်းတွင်တော့ ကျွန်တော့်အပေါ် အတော်လေးခင်မင်သွားသည်။ အဆောင်



www.burmeseclassic.com

www.burmeseclassic.com



နေသူထဲတွင် အများစုက နေ့လည်ပိုင်း အလုပ်သွားကြပြီး ညပိုင်းလေးတွင်မှ အိပ်ရန်သက်သက် ငှားကြသူများသည်။ ကျွန်တော်ကတော့ ကျူရှင်ချိန်၊ အပြင်ထွက်ချိန်မှလွဲလျှင် အခန်းထဲတွင် ရှိနေတတ်သည်။ ပိုင်ရှင်က အောက်ဘက်အစွန်ဆုံးခန်းတွင် နေသည်။ သူဆင်းနေကျ လှေကား၏ အဆုံးသတ်သည် ပိုင်ရှင်မမ၏ အခန်းသာဖြစ်သည်။

ကျွန်တော့်ကိုစကားတွေ ရောရောနှောနှောပြောလာသည်။ အရေးတယူလုပ်လာသည်။ စားရသောက်ရ အဆင်မပြေမှန်းသိတော့ လပေးစနစ်ဖြင့် ချက်ကျွေးလာသည်။ တိုတိုရှင်းရှင်းဆိုရလျှင် ကျွန်တော့်အပေါ် ... လိုအပ်တာထက် ပိုမိုဂရုစိုက်လာခြင်းပင်။ နာမည်က မသိရ။ ကျွန်တော်ကတော့ မမဟုသာခေါ်ပါသည်။

"မောင်ကောင်းမြတ်ငြိမ်း ညနေဘာစားချင်လဲပြော.. မမဈေးသွားမလို့..."

တစ်ခါတစ်ရံ အပေါ်ထပ်သို့ တက်လာကာ ထိုသို့မေးတတ်သည်။

"အဆင်ပြေသလို ချက်ကျွေးပါ ... မမ ... "

"ဘယ်ဟုတ်ပါ့မလဲကွယ် ... မင်းအကြိုက်လေးတွေကိုလည်း သိချင်သေးတာလေ ... "

"မြွေရယ် ... လိပ်ရယ် ... ခွေးရယ်ကလွဲရင် အကုန်စားတယ် ... "

"ဟော့တော် ... "

မမက တခစ်ခစ်ရယ်မောနေတော့၏။ အမှန်အတိုင်းဆိုရလျှင် ပို၍ အရုပ်ဆိုးသွားတတ်သည်။ ဘာကြောင့်ဆိုလျှင် မညီမညာ





သော၊ အပိုထပ်နေသော သွားများကြောင့်ပင်။

တစ်နေ့ ကျွန်တော် လက်ဖက်ရည်ဆိုင်မှ ပြန်လာခိုက် မမက အခန်းရှေ့ ခုံတန်းလျားတွင် ဂျာနယ်တစ်စောင်ကို သည်းကြီးမည်းကြီးဖတ်နေတာတွေ့သည်။ ကျွန်တော့်ကိုတွေ့တော့ ...

"လာစမ်းပါဦး ကောင်းမြတ်ငြိမ်းရယ် ... ထိုင်စမ်းပါဦး"

လှမ်းသာပြောသည် ဖတ်လက်စဂျာနယ်ကို လက်မှမချ။ ကျွန်တော် ဘုမသိဘမသိ ခုံတန်းလျားတွင် ဝင်ထိုင်လိုက်ရ၏။

"ရက်စက်လိုက်တာ ... "

"ဘာဖြစ်လို့လဲ မမ ... "

"အိမ်တစ်အိမ်ကို ဝင်ဖောက်သွားတဲ့ သူခိုးလေ ... ပစ္စည်းလည်းယူသေး ... လူကိုလည်း ဓားနဲ့ထိုးသွားသေး ... သေကောင်းမပျောက်ကောင်း ... နားထောင် မမအစကနေ ပြန်ဖတ်ပြမယ်... "

မမက သတင်းအသေးစိတ်ကို အချက်အလက်များကို ဖတ်ပြနေသည်။ နည်းနည်းတော့ဆန်းသည်။ မမဖတ်ပြနေသမျှ စိတ်ထဲမှ အလိုလိုသိနေသလို ကြုံဖူးနေသလိုလို။ ကျွန်တော့်အာရုံထဲတွင် ပုံရိပ်တချို့ ဖျတ်ခနဲ ဖျတ်ခနဲ ထင်လာမြင်လာသည်။

မျက်နှာကို လက်ကိုင်ပဝါဖြင့် ချည်နှောင်းထားသည့် လူငယ်တစ်ယောက်။ မျက်လုံးက ဖော်ထားသည်။ တစ်ကောက်ကြွက်လိုလို။ မိန်းမသားတစ်ဦးတည်းနေသော တိုက်ခန်းဆီသို့ ချဉ်းကပ်လာသည်။ အခြေအနေကိုလည်း အကဲခတ်သည်။ မြောင်းပေါက်ကိုရှာသည်။ ပစ္စည်းတစ်မျိုးကို အသုံးပြု၍ ဖွင့်သည်။ ဖွင့်၍ အောင်မြင်သွားသည့်အခါ ကျမ်းကျင်သော လှုပ်ရှားမှုဖြင့် အထဲသို့

www.burmeseclassic.com



ဝင်လိုက်၏။

အမှောင်အတွင်း နစ်မြုပ်နေသော အခန်းတစ်ခန်း။ သူက ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် ဝေ့ကာစိုက်ကာထိုးသည်။

အိပ်ခန်းထဲတွင် အမျိုးသမီးတစ်ယောက် ပစ်စလက်ခတ်ကြီး အိပ်ပျော်နေသည်။ တရားရစရာကောင်းသော အနေအထား။ သူ အဖိုးတန်ပစ္စည်းတချို့ကိုရှာသည်။ စားပွဲအံဆွဲထဲမှာ ... ။ အဝတ်အစားထည့်ဘီရိုထဲမှာ။ ဟော ... တွေ့ပြီ။ လက်ပွေ့အိတ်ထဲမှ ရွှေနှင့် ရတနာတချို့။ စိန်လက်စွပ်နှစ်ကွင်း။ ကျောက်စိမ်းဆွဲကြိုးတစ်ကုံး ရွှေလက်ကောက်ငါးရံနှင့် ငွေစက္ကူတချို့။ သူ့မျက်လုံးတွေ အရောင်လက်သွားသည်။ သိမ်းကျုံးလျက် ဂျာကင်အိတ်ထဲသို့ အလျင်စလိုထည့်သည်။ ထိုမျှလောက်ဆို သည်အိမ်ဝင်ရကျိုးနပ်ပြီ။

"အမလေး ... "

နောက်ကျောဆီမှ စူးစူးဝါးဝါးအော်သံ။ တစ်ဆက်တည်းဆိုသလို မီးပွင့်သွားသည်။

"သူခိုး ... သူခိုး ... "

နိုးလာသောမိန်းမ ဝရုန်းကားအော်တော့သည်။ မိမိသေတွင်းတော့ မိမိမတူးနိုင်ပါ။ ထိုမိန်းမဆီ အပြေးလာကာ ပါးစပ်ကိုလှမ်းပိတ်သည်။ မိန်းမက နယ်နယ်ရရတော့မဟုတ်။ ရုန်းသည်။ ကန်သည်။ ရင်ဆိုင်သည်။ ရှိသမျှခွန်အားနှင့် တုံ့ပြန်သည်။ ပါးစပ်ပေါက်နှင့် လက်လွတ်သွားလျှင် စူးစူးဝါးဝါးထ,အော်ပြန်သည်။ ထို့ကြောင့် မတတ်သာတော့ ခါးတွင်ထိုးထားသော ဓားမြှောင်ကိုထုတ်လိုက်၏။





ဓား မီးရောင်အောက်တွင် လက်ခနဲဖြစ်သွားသည်။

"အား ... "

ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ဆတ်ခနဲ တုန်သွားသည်။ မေ၏ သတင်းဖတ်ပြနေသော အသံကို ကြားနေရ၏။

"ယင်းသို့ ဓားဖြင့် ထိုးသွားသူမှာ အသက်(၂၀)ဝန်းကျင် လူငယ်တစ်ယောက်ဖြစ်ပြီး မျက်နှာကို မမှတ်မိစေရန် အုပ်စည်းထားသည်ဟုဆို၏။ သားရေဂျာကင်အနက်၊ ဘောင်းဘီအနက်တို့ကို ဝတ်ဆင်ကာ အခင်းဖြစ်ပွားရာ နေရာမှ ထွက်ပြေးတိမ်းရှောင်နေသည်ဟု သိရပြီး ထိုအမျိုးသမီးမှာ ဆေးကုသမှုခံယူလျက်ရှိပြီး တာဝန်ရှိသူများက တရားခံကို အပူတပြင်းစုံစမ်းလျက်ရှိသည်"

မမက သူ့ကို တစ်ချက်လှမ်းကြည့်သည်။

"ဟဲ့ ... ဘာဖြစ်နေတာလဲ ... ငှူငှူငိုင်ငိုင်ကြီး"

"အဲ ... ဟို ... အင်း ဓားနဲ့ထိုးသွားတဲ့ကောင်ကို စဉ်းဖော်ကြည့်နေတာပါ ... "

ထိုမျှသာပြောပြီး ကျွန်တော် အပေါ်ထပ်သို့ တက်လာခဲ့သည်။ စိတ်ထဲတွင်တော့ လေးလေးလံလံ။ ကောင်းကင်ပြာဆီသို့ တိမ်ညိုတိမ်မည်းတို့ မျှောလွင့်လာသလို ကျွန်တော့်၏ ကြည်လင်နေသော စိတ်လေးမှာလည်း နောက်ကျိလာရပါ၏။

"တစ်ကောင်ကြွက်လက်ချက်များဖြစ်နေမလား ... "

ဝေးကွာသွားသော အစွဲအလမ်းတစ်ခုသည် ယခုတော့ ပြန်နိုးလည်နိုးကပ်လာသလို အာရုံတွေ ဝေ့ဝဲလျက် မတည်မငြိမ်တွေ ဖြစ်လာသည်။

"သတင်းဖတ်ပြရုံနဲ့ ငါ့စိတ်ထဲမှာ အလိုလိုသိနေတဲ့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လဲ ... ''

ထိုညက ကျွန်တော်အိပ်မက်မက်သည်။

အိပ်မက်ထဲတွင် တစ်ကောင်ကြွက်ရောက်လာသည်။

ဓားနှင့်ထိုးသွားသူမှာ တစ်ကောင်ကြွက်ဟု သိရချိန်တွင် ကျွန်တော့်ရင်ထဲ အော်ဂလီဆန်လာခဲ့၏။

''မင်းလုပ်ပုံတွေက ဘာတွေလဲကွာ ... မင်းနဲ့ငါက ရုပ်ချင်းဆင်နေတော့ မင်းနဲ့ငါနဲ့ ဆက်စပ်နေသလိုလို ငါ့ပယောဂ ပါနေသလိုလို... ''

ကျွန်တော့်နဖူးပြင်တွင် ချွေးစေးတွေ စို့တက်လာသည်။

''မင်းသိပ်ကြောက်နေပါလား ကောင်းမြတ်ငြိမ်း''

''အဲဒါ မင်းကြောင့် ... ''

''ကျွတ် ... မဆိုင်လိုက်တာ ... ''

''ရဲက ငါ့ကိုလာဖမ်းရင် ဘယ်လိုလုပ်မလဲ ... ''

အိပ်မက်က ကိုမျှသာဖြစ်၏။ အိပ်ရာက လန့်နိုးတော့ တစ်ခန်းလုံး လင်းလင်းချင်းချင်းဖြစ်နေသည်။ အိပ်စဉ်က မီးမှိတ်ဖို့မေ့နေတာ ပြန်သတိရသည်။ ပက်လက်အနေအထားဖြင့် ဟိုတွေး သည်တွေးတွေနေမိပြန်သည်။

ထိုစဉ် ... ကျွန်တော့်မျက်လုံးတွေက တစ်နေရာသို့ ရောက်သွား၏။

''ဟင် ... ''

တန်းတွင်ဆွဲထားသော သားရေဂျာကင်အနက်နှင့် ဂျင်း ဘောင်းဘီအနက်။

''သတင်းစာထဲမှာပါတဲ့ ဝတ်စုံမျိုးပါလား ... ဒို ...





ငါ့စိတ်တွေ အရမ်းစိုးရိမ်နေတာပါ ... ငါတစ်ယောက်တည်း ဒီဝတ်စုံမျိုး ဝတ်တာမှမဟုတ်ဘဲ ... မြို့ကလူငယ် ခပ်များများ လည်းရှိနေတာပဲ ... ''

ထိုသို့တွေးကာ သက်ပြင်းကို လေးလေးတွဲတွဲမှုတ်ထုတ် လိုက်၏။

''ဒေါက်ဒေါက် ... ဒေါက်ဒေါက် ... ဒေါက်ဒေါက်''

တံခါးခေါက်သံခပ်ပြင်းပြင်း ပေါ်ထွက်လာ၏။

''ညကြီးသန်းခေါင် ဘယ်သူများပါလိမ့် ... တစ်ကောင် ကြွက်များလား ... ''

ကျွန်တော် အိပ်ရာမှ ကုန်းရုန်းထ,လိုက်သည်။

''ဘယ်သူလဲ ... ''

''မမပါ ... ''

အရင်က ထိုသို့ တစ်ခါမှ လာနိုးခြင်းမရှိခဲ့။ နည်းနည်း တော့ ထူးဆန်းနေပါသည်။ ကျွန်တော်က ကမန်းကတန်း တံခါး ဖွင့်ပေးလိုက်၏။

''ဘာဖြစ်လို့လဲ မမ ... ''

''စောစောက မင်းခြံထဲဆင်းသေးလား ... ''

''ပေါက်ပေါက်ရှာရှာ မမရယ် ... ညကြီးသန်းခေါင်''

''မမ တစ်ရေးနိုးတာနဲ့ ခြံထဲက ရေအိမ်ဝင်နေတုန်း လူရိပ် တွေ့လိုက်ရလို့။ လှေကားအတိုင်း အပေါ်ကိုတက်သွားပြီး မင်း အခန်းနားရောက်တော့ ပျောက်သွားတော့တာပဲ ... ''

''မမ အိပ်မှုန်စုံမွှားနဲ့မို့လို့များလား ... ''

''မဟုတ်ဘူး ... မဟုတ်ဘူး ... သေသေချာချာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတာ ... ''

''ဒါဆို ... ဟိုဘက်အခန်းက အစ်ကိုကြီးတွေပါနိုးပြီး တစ်ဆောင်လုံး လိုက်ရှာရအောင်''

''အောက်က ညီမလေးတွေကတော့ မမပြောပြလို့ ... ကြောက်နေကြတယ် ... ''

ထို့နောက် ကျွန်တော်တို့ အခန်းတိုင်းကို သတိပေးကာ လိုက်ရှာကြသည်။ သို့သော် မည်သည့် သဲလွန်စကိုမျှ မတွေ့ခဲ့။ ထို့ကြောင့် မမက ..

''အင်း ... ဒါဆို သူနိုးဝင်ကပ်ပြီး အခွင့်မသာလို့ ထွက်သွားတာနေမယ် ... ညညတွေမှာ အားလုံး သတိဝိရိယထားပြီး အိပ်ကြပါ .. ''

ထိုညက ထိုမျှနှင့် အဆုံးသတ်သွား၏။

နောက်တစ်နေ့ ...

ကျွန်တော် အတော်လေးညဉ့်နက်မှ လက်ဖက်ရည်ဆိုင်မှ ပြန်လာခဲ့သည်။ ဘော်ဒါဆောင်အနီး သစ်ပင်တွေ စီတန်းနေသော လမ်းကလေးသို့ ချိုးဝင်လာစဉ် ခပ်ပြတ်ပြတ်လေချွန်သံတစ်ခုကို ကြားလိုက်ရသည်။

''ရှူ ... ရှူ ... ရှူ ... ''

''ဟင်

တစ်ကောင်ကြွက်ပင် ဖြစ်နေပါ၏။

''မင်းကိုလိုက်ရှာနေတာ ... မင်းအခန်းတောင်ရောက်ခဲ့သေးတယ် ... သော့ခတ်ထားတာတွေ့လို့''

သူ့ကို ကျွန်တော်တွေ့လိုက်တော့ ရင်ထဲတွင် ဒေါသစိတ်





များ ပေါက်ပွားလာခဲ့ရပြီ။

''မင်း ငါ့ကို တော်တော်နှိပ်စက်တဲ့ကောင်ပဲ ... မင်းကြောင့် ငါဘယ်လောက်စိတ်ဆင်းရဲနေရလဲ သိလား ... ''

''မင်းငါ့ကို သတိရနေတာ မို့လား''

''သွားစမ်းပါ ... အပိုတွေပြောမနေနဲ့ ... ငါ့ကို တစ္ဆေသရဲလို အမြဲချောက်လှန့်နေတဲ့ကောင်''

''နိုး ... နိုး ... မင်းဒီလို ဝေါဟာရမျိုးကို မယုံသင့်ဘူး.... ဆိုင်လည်းမဆိုင်ဘူး ... တကယ်တော့ မင်းစိတ်ထဲမှာ ငါ့ကို မေ့လို့မရတာ ... သတိရတာ ... ငါမင်းကို ချောက်လှန့်စရာ ဘာရှိလို့လဲ ကောင်းမြတ်ငြိမ်းရာ ... ''

''မဟုတ်ဘူး ... မင်းနဲ့ငါကြားမှာ တစ်ခုခုတော့လွဲနေပြီ ... ''

''မလွဲဘူး သူငယ်ချင်း ... တကယ်ဆိုရင် ငါဟာမင်းအနားကနေပြီး စောင့်ရှောက်နေတာ ... ကာကွယ်နေတာ ရှင်းရှင်းပြောမယ် ... ကိုယ်ရံတော် တပ်မှူးကြီးလုပ်နေတာ အားတစ်ခုတော့ရှိတယ် ... တစ်ခါတလေ မင်းကိုဘမ်းပြုပြီး ငါလုပ်ချင်တာလုပ်လိုက်တာမျိုးရှိတယ် ... ဟိုတလောက ငါ့အကြောင်း သတင်းစာထဲပါတာတွေ့လိုက်သေးတယ် မဟုတ်လား သူယက် ... ဓားထိုး ... ဟဲ ... ဟဲ ... ဟဲ''

''ဟင် ... အဲဒါ မင်းလုပ်တာ ... ''

''သိပ်ဟုတ်တာပေါ့ကွာ ... စွန့်စွန့်စားစားလုပ်ရတာမို့လို့လားမသိဘူး ... အရသာတွေ့လိုက်တာ''

''ဒုစရိုက်သမား ရာဇဝတ်ကောင်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မာမာထန်ထန်အော်ပြောလိုက်မိသည်။ ဒီကောင် ဒီလောက်ရက်စက်လိမ့်မည်မထင်ခဲ့။

"ဟိုတလောကလည်း . . . ဆွဲကြိုးလုပြေး . . . တစ်ခါကလည်း အချိုရည်ဘူးတွေ အလစ်သုတ်ပြီး ငါ့ကိုအပစ်လွှဲချ"

"ပြောချင်တာ ပြောတော့ဟေ့ . . . ငါဘာကိုမှ ဂရုမစိုက်တော့ဘူး . . . မင်းတောင် စာရေးဆရာဖြစ်ချင်တာနဲ့ လျှို့ဝှက်သည်းဖိုတွေ ဂမ္ဘီရဝတ္ထုတွေဖတ်ပြီး ဟိုကြံသည်ကြံလုပ်နေတဲ့ . . . ကောင်ပဲ . . . "

"မင်း . . . နောက် ငါ့ကိုလာတွေ့စရာမလိုတော့ဘူး"

"သံယောဇဉ်အမျှင်တန်းကို ရှင်ခန်းဖြတ်လိုက်ဦးမလို့လား သူငယ်ချင်းရယ် . . . မလုပ်ပါနဲ့ . . . တို့နှစ်ယောက်က အမြွှာညီအစ်ကိုတွေလို ခွဲလို့ရတာမှမဟုတ်တာ . . . ကိုင်း . . . လစ်လိုက်ဦးမယ်ကွာ . . . ဘိုင့်ဘိုင် . . . "

တစ်ကောင်ကြွက်က ခြေလှမ်းအနည်းငယ် လှမ်းလိုက်ပြီးမှ တစ်စုံတစ်ရာကို သတိရသွားပြီး။

"သြော် . . . မေ့နေလို့ . . . နောက်ဆို လူပါသဘ်တော့မှာကွ . . . မင်းသိအောင်ကြို့ပြောလိုက်တာ . . . "

"ဘာကွ . . . "

သူက ခပ်တည်တည်ဖြင့် လျှောက်ကာ သစ်ပင်ကွေ့ကြားပျောက်သွား၏။

"ဟူး . . . "

တစ်ကောင်ကြွက်လုပ်ပုံတွေက တော်တော်စိတ်ပျက်စရာကောင်းလှပါသည်။ ဘာတွေလုပ်လို့လုပ်နေမှန်းမသိ။ ဒုစရိုက်





အလုပ်တွေကတော့ သေချာနေပါပြီ။ ဘယ်လိုတားဆီးပိတ်ပင်ရပါမည်လဲ။

ကျွန်တော်အခန်းအတွင်းသို့ တိတ်တဆိတ်ဝင်လာခဲ့သည်။

"ဟာင်"

စာကြည့်စားပွဲပေါ်တွင် တွေ့ရသော ပစ္စည်းများကြောင့် ခေါင်းနပန်းများကြီးထွက်သွားရ၏။ ကြည့်ပါဦး။ စိန်လက်စွပ်နှစ်ကွင်း၊ ကျောက်စိမ်းဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက်(၄)ရံနှင့် ကျော့ငွေတချို့။

မမဖတ်ပြသည့် သတင်းစာထဲမှ ပစ္စည်းအတိုင်း ကွက်တိ။

ဒါ . . . ဘယ်လိုဖြစ်တာလဲ။

ဒါ . . . ဘယ်လိုဖြစ်ရတာလဲ။

"ဟိုကောင် တမင်ငါ့ကို ချောက်ချသွားခဲ့ပြန်ပြီ . . . ငါ့ကို တရားခံမဖြစ်ဖြစ်အောင် တွန်းပို့နေတာ . . . ခွေးကောင်"

တုန်တုန်ရီရီလက်များဖြင့် ပစ္စည်းတွေကို တို့ထိကြည့်သည်။ ပြီးတော့ လက်ကိုအသာအယာရုတ်လျက်။

"ဘယ်မှာနေမှန်းမသိတဲ့ကောင်ကို ဘယ်လိုတွေ့အောင်ရှာပြီး ရှင်းရမလဲ . . . ဒုက္ခပါပဲ . . . ဟူး . . . "

ကျွန်တော် ကယောင်ကတမ်းဖြစ်စွာ လှေကားမှဆင်းလာခဲ့သည်၊ စိတ်ထဲမှာလည်း . . .

"ဒီကောင့်ကို မတွေ့လည်း ဘာအရေးလဲ . . . ဒီပစ္စည်းတွေ ရဲစခန်းသွားအပ်လိုက်ရုံပေါ့ . . . "

လှေကားအဆုံးတွင် တွေတွေကြီးရပ်မိနေပြန်ပါ၏။ ထိုသို့ ဆုံလျှင်ကော အဆင်ပြေသွားမည်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... သွားအပ်လိုက်တာပဲကောင်းတယ်"

ကျွန်တော် ပစ္စည်းသွားယူရန် အပေါ်သို့ပြန်တက်လာခဲ့ပြန်သည်။ လှေကားထိပ်အရောက် ...

"မဟုတ်သေးပါဘူး ... ပစ္စည်းသွားအပ်တာကိစ္စမရှိဘူး မသက်သေမှုနဲ့ ငါ့ကိုဖမ်းထားရင် ဘယ်လိုလုပ်မလဲ ... ဟိုကောင့်ကို ရှာမတွေ့သရွေ့ ငါ့ကိုဖမ်းထားမှာ ... အဓိကက ဒီကောင့်ကို ရှာတွေ့ဖို့ပဲ။

ကျွန်တော် လှေကားမှ ဆင်းလာခဲ့ပြန်သည်။ လှေကားခြေရင်းရောက်တော့ မမနှင့်တန်းတိုး၏။

"ဟဲ့ ကောင်းမြတ်ငြိမ်း ... ဘာဖြစ်နေတာလဲ ... တက်လိုက် ... ဆင်းလိုက်နဲ့ အရူးကျနေတာပဲ"

"ဩော် ... မမ ... အဲ ... ဘာမှမဟုတ်ပါဘူး ဟိုလေ ... သူငယ်ချင်းတစ်ယောက်ကို သွားရှာရင်ကောင်းမလားလို့"

"အချိန်ကိုလည်းကြည့်ဦး ... ညဥ့်နက်နေပြီ ... မထွက်နဲ့တော့ ... သွားချင်ရင် မနက်ကျမှသွား"

"ဟုတ်.. ဟုတ်ကဲ့..."

ကျွန်တော် ခပ်သွက်သွက်လစ်ထွက်လာခဲ့သည်။ တော်ကြာ မမရိပ်မိသွားလျှင် ကောင်းမည်မဟုတ်ပေ။

⌘



(၁၁) ချစ်သူတစ်ယောက်ကောက်ရခဲ့ခြင်း

တစ်ပတ်ခန့်အကြာ.. ။

ထိုနေ့က ကျွန်တော် ကျူရှင်မှ ပြန်လာခြင်းဖြစ်သည်။ အဆောင်ခြံဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် မမ၏ အခန်းရှေ့ တန်းလျားတွင် မမနှင့်အတူ ကောင်မလေးတစ်ယောက် စကားထိုင်ပြောနေတာတွေ့သည်။ ကျွန်တော်က မသိလိုက်ဘာသာ အပေါ်သို့ လှမ်းတက်မည်အပြု ...

"ဟော့ ကောင်းမြတ်ငြိမ်း ... ခဏ ... "

မမက ရယ်ရယ်မောမောလှမ်းခေါ်သည်။

"မင်းကို မိတ်ဆက်ပေးဦးမယ် ... ဟောဒါက မမညီမ လေးကွဲ ... နယ်မှာနေတာ ... အခုဒီမှာအလုပ်လာလုပ်တယ် ကုမ္ပဏီတစ်ခုမှာအလုပ်လျှောက်ထားတယ် ... မနက်ဖြန်မှသိရမယ်"

ကောင်မလေးကို လှမ်းကြည့်တော့ တော်တော်ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။ အသားညိုညို၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံချွန်ချွန်နှင့် နှုတ်ခမ်းလေးက ထူထူလေး။ ဘာမှ ချယ်မထားတောင် အတော် ကြည့်လို့ကောင်းနေသည်။ ဆံပင်က အဖြောင့်ဆံပင်လေး။ ရေညို ရောင်ကျောက်ခတ်ပွင့်အဆင်ဝမ်းဆက်လေးကို သေသေသပ်သပ် ဝတ်ဆင်ထား၏။

သူမက အပြုံးချိုချိုလေးတစ်ချက်ပွင့်ပြလိုက်တော့ ကျွန် တော့်စိတ်တွေ အလိုလိုနေရင်း ပျော်သွားတော့သည်။

"ကျွန်တော့်နာမည် ကောင်းမြတ်ငြိမ်းပါ . . . "

"ကျွန်မနာမည်က တိမ်လွှာ . . . "

"ဆန်းတယ်နော် . . . တိမ်လွှာဆိုတော့ လေတိုက်ရင် ရွေ့လား"

"အဲဒါတော့ မသိဘူး . . . အလိုလိုနေရင်းလည်း မျော နေတာ . . . ဟား . . . ဟား . . . "

"ကိုကောင်းမြတ်ငြိမ်းက ဆယ်တန်းဖြေနေဆဲဆို"

"အပြင်ရောက်နေပြီ . . . ဘယ်တော့မှလည်း အောင် မယ်မထင်တော့ပါဘူး"

"စိတ်မလျှော့လိုက်နဲ့လေ . . . "

"အင်းလေ . . . ခုလို အားပေးတာ ကျေးဇူးပါပဲ"

"မိဘတွေက ဆုံးသွားပြီဆို . . . "

"အင်း . . . "

"ဆွေမျိုးသားချင်းတွေကရော"

"အဝေးကြီးမှာ . . . "

"ဟင် . . . ဒါဆို လောလောဆယ် တစ်ကောင်ကြွက် ပေါ့"





"ဆိုပါတော့"

"အကူအညီလိုရင်ပြောလေ . . . "

"ဟောဒီက မမကတော့ ကျွန်တော့်ကို နေ့တိုင်းကူညီနေ တဲ့လူလေ . . "

ထိုနေ့က ထိုမျှလောက်သော မိတ်ဆက်စကားဆိုဖြစ်ခဲ့ သည်။ အခန်းထဲရောက်တော့ ကောင်မလေးပုံရိပ်က သူနှင့်အတူ ကပ်ပါလာခဲ့သည်။

မိန်းမနှင့်ပတ်သက်လာလျှင် တစ်ကြိမ်တစ်ခါမှ ရင်မခုန်ဖူး သော ကျွန်တော် အခုတော့ ရင်ခုန်တတ်လာလေပြီ။

"မျက်နှာလေးက ချစ်စရာကောင်းသလို အပြောအဆို ကလည်း သွက်တယ်"

နောက်နေ့များတွင် မကြာခဏ ဆုံဖြစ်ကြသည်။ နှုတ် ဆက်ဖြစ်ကြတယ်။ အလာဘသလာဘပြောဖြစ်ကြသည်။

လွှတ်လပ်ပွင့်လင်းသော တိမ်လွှာ။

မာနမကြီးတတ်သော တိမ်လွှာ။

တစ်ခဏအတွင်းမှာပင် ကျွန်တော့်အတွက် စွဲမက်သွား စေသော တိမ်လွှာ။

အပေါင်းအသင်းရှားပါးလှသော ကျွန်တော့်အတွက် . . . တိမ်လွှာသည် အဖော်ကောင်းတစ်ယောက်ဖြစ်လာခဲ့ပါသည်။

ညနေပိုင်းတွင် တိမ်လွှာအလုပ်မှ အပြန်ကို တစ်နေရာမှ သွားစောင့်နေတတ်သည်။ ပထမတော့ တိုက်ဆိုင်ချင်ယောင်ဆောင် သည်။ နောက်တော့ အတိအလင်းစောင့်သည်။

"တိမ်လွှာက ဘာမေ့လာယူလဲ . . . "

"ဆိုက်ကို . . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟူး ... ခေါင်းရှုပ်စရာကြီး ... "

"စိတ်ဝင်စားဖို့ကောင်းပါတယ် ... "

"အလုပ်မှာ အဆင်ပြေရဲ့လား ... "

"မဆိုးပါဘူး ... "

"တိမ်လွှာနဲ့တွေ့နေရရင် ပျော်တယ်"

"အဲဒီအတိုင်းပါပဲနော်"

တကယ်ဆိုရလျှင် ကျွန်တော်သည် မိန်းမကောင်း မိန်းမမြတ်တို့၏ ကြန်အင်လက္ခဏာကောင်းခြင်းငါးဖြာကို ဝေ့ဝေ့ဝါးဝါးပင် သိသူမဟုတ်။ သို့သော် မိန်းကလေးတစ်ယောက်၏ အလှကိုဖြင့် ခံစားတတ်ပါသည်။

ကျွန်တော် တိမ်လွှာလေး၏ အရိပ်သုံးပါးစလုံး အရိပ်တကြည့်ကြည့်စောင့်ကြည့်နေခဲ့၏။ မိုးဦးသက်တံလေးကို မျှော်လင့်ငေးရီမိနေသလိုမျိုး။ တိမ်လွှာလေးကို တစ်ယောက်တည်း ကြိတ်ပြီးချစ်ခဲ့ရသည့် အုံပုံးအချစ်လေးက လွမ်းလွမ်းဆွတ်ဆွတ်။

"မင်းရဲ့ အချစ်တွေကို တရားဝင်အောင်ကြိုးစားချင်ပါသေးတယ် ... တိမ်လွှာလေးရယ်"

တစ်ရက်ထက်တစ်ရက် ကျွန်တော့်အချစ်ရောဂါ ပိုဆိုးလာခဲ့သည်။ ကျန်းမာသန်စွမ်းသော ယောကျ်ားတစ်ယောက်အနေဖြင့် လွတ်လပ်သော မိန်းမပျိုတစ်ယောက်လို ကြိုက်ဖို့ရာတွင်အပြစ်ကင်းစင်သည်ဟု မြင်ပါသည်။

ကျွန်တော်တို့ တစ်ခါတစ်ရံ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသည်။

"ဘာဖြစ်လို့ လူကို ဒီလောက်တောင်စိုက်ကြည့်နေရတာလဲ ... "





"လှလို့ ... "

"ဘယ်မော်ဒယ်တွေနဲ့တူသလဲ ခပ်ဆင်ဆင် ... ခပ်ဆင်ဆင် ... ခစ် ... ခစ် ... "

"ဘယ်သူနဲ့မှမတူဘူး ... မင်းက သူတို့ထက်ပိုလှတယ်"

"ခစ် ... ခစ် ... ခစ် ... "

"အဲသလိုရယ်တဲ့အခါ ပိုလှတယ် ... "

"တော်တော်လည်တဲ့လူ ... "

"မူလီဘာဝကလာတာလေ ... "

"ဂျပန်မူလီလား ... "

"ကိုးရီးယား မူလီ ... "

"ခစ် ... ခစ် ... ခစ် ... "

"ပြောစရာရှိတယ်"

"ပြော ... "

"တိမ်လွှာကိုချစ်တယ် ... "

"ဘုရားရေ ... ပြောတော့လည်းပေါ်တင်ကြီး"

"လိုရင်းတိုရှင်းပဲ ... "

"လူပုံကိုကြည့်တော့ အေးတိအေးစက်နဲ့ မယုံနိုင်စရာကြီး ... "

"ကိုင်း အဖြေပေးတော့ ... "

"အံမယ် ... တစ်ထိုင်တည်း အဖြေပေးတဲ့ မိန်းကလေး မဟုတ်ပါဘူးနော် ... "

"ဒါဆို ... တစ်နာရီအချိန်ပေးမယ် ... "

"ဘုရားရေ ... ဘယ်လိုတွေလဲ ... စိတ်ညစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာပေးက ကြည့်စမ်း စီးစီးပိုးပိုး . . . "

သူမက ကျွန်တော့်လက်မောင်းကို လှမ်းထုသည်။ ကျွန်တော်က တဟားဟားရယ်နေလိုက်၏။ သို့ဖြင့် အတိုဆုံးအချိန်အတွင်းမှာပင် ကျွန်တော်နှင့် တိမ်လွှာ ချစ်သူတွေဖြစ်သွားကြ၏။ ချစ်ရတဲ့သူဆီက အချစ်တွေရလိုက်သည်မို့ ကျွန်တော် အသည်းအသန်ပျော်ရွှင်သွားသည်။ ထိုရက်များကိုတော့ ကျွန်တော် ဘယ်တော့မှ မေ့နိုင်မည်မထင်။ အတူသွား၊ အတူစားကာလများ။ အတူတူကြည်နူးခဲ့ရသည့် အဖြစ်များ။ ဒါသည်ပင် . . . ကျွန်တော့်၏ ကံကြမ္မာအလှည့်အပြောင်းလား မပြောတတ်။ နောက်ပိုင်းတွင် တိမ်လွှာက . . . ကျွန်တော့်ဝေယျာဝစ္စတွေကို လုပ်ပေးလာသည်။ အဝတ်အစားများလျှော်ပေးတတ်သလို ပွကြဲနေသော အခန်းကိုလည်း ရုံးပိတ်ရက်များတွင် လာရောက်ရှင်းပေးတတ်သည်။

တစ်ရက် . . . သူမအခန်းလာရှင်းပေးသည်။ ကျွန်တော်က မှုခင်းစာအုပ်တစ်အုပ်ကို သည်းကြီးမဲကြီး ဖတ်နေခိုက် . . .

"ဟင် . . . မောင် . . . ဒီအမှိုက်ခြင်းထဲ . . . "

ကျွန်တော် ရုတ်တရက်သတိဝင်လာကာ . . .

"မကြည့်နဲ့ . . . မကြည့်နဲ့ . . . "

ကျွန်တော့်အပြောက အတော်လေးနောက်ကျလေပြီ။ တစ်ကောက်ကြွက်ထားခဲ့သော ရတနာပစ္စည်းတွေကို အမှိုက်ခြင်းထဲ လွှင့်ပစ်ခဲ့သည် မဟုတ်ပါလား။

"ဘာဖြစ်လို့ အဖိုးတန်ပစ္စည်းတွေကို ဒီလိုထားရတာလဲ မောင်ရယ် . . . "

"အတုတွေလည်းဖြစ်ချင်ဖြစ်နိုင်တယ် . . . "

"ဘယ်လို . . . မောင် . . . "





"သူငယ်ချင်းတစ်ယောက်အပ်သွားတာ . . . "

"ဘာပဲပြောပြော လှလိုက်တာ . . . "

သူမက တခုတ်တရ ယူကြည့်နေပြန်သေး၏။ ကျွန်တော့်မှာတော့ မျက်နှာပျက်လှပေပြီ။ တော်တော်ဒုက္ခပေးသည့် ပစ္စည်းပါလား။

ထို့နောက် သူမက အမှိုက်ခြင်းထဲရှိ ပစ္စည်းများကို မွှေနှောက်ရှာဖွေကာ လိုက်လံစုစည်းနေပြန်သည်။

"ထားလိုက်စမ်းပါ တိမ်လွှာရာ . . . "

"ဒီလို လွှင့်ပစ်လို့ ဘယ်ဖြစ်ပါ့မလဲ . . . သူငယ်ချင်းအပ်ထားတာဆို . . . "

ထိုစကားတစ်ခွန်းနှင့်ပင် ကျွန်တော်ဘာမှ မပြောတတ်အောင်ရှိခဲ့ရ၏။ သူမက တွေ့သမျှကို အားလုံးစုစည်းကာ လက်ကိုင်ပဝါနှင့်ထုတ်လိုက်၏။

"ရော့ . . . အဲဒါတွေ သေတ္တာထဲမှာထား"

ပြောသာပြောသော်လည်း သူမကိုယ်တိုင် အဝတ်အစားအည္သ သေတ္တာထဲသို့ ထည့်ပေးရှာသည်။ ထို့နောက် တိတ်တိတ်ဆိတ်ဆိတ်ပင်ပြန်သွားလေတော့၏။

ကျွန်တော် တစ်ခွန်းတည်းသာ ရေရွတ်လိုက်မိ၏။

"ငါ့အကြောင်းသာ ချစ်သူကသိသွားရင် ဘာတွေဖြစ်လာမလဲ . . . "

ထိုအတွေးတွေက ကျွန်တော့်ကို တော်တော်ဒုက္ခပေးလှပါသည်။

⌘



www.burmeseclassic.com

www.burmeseclassic.com

## (၁၂) အဖြစ်အပျက်၊ အပြောင်းအလဲ၊ အနေအထား

ယင်းနောက်ပိုင်းတွင် အခန်းအတွင်း အမှိုက်ခြင်းထဲမှ တွေ့ခဲ့သော ရတနာပစ္စည်းများနှင့်ပတ်သတ်ပြီး တိမ်လွှာလေး ကျွန်တော့်အား ဘာတစ်ခွန်းမျှမမေးတော့ပါ။ ထို့ကြောင့် တော်ပါ သေးသည်ဟုဆုရမည်။

"မောင်အားလားဟင်"

"(၂၄)နာရီစလုံးအားတယ်"

"တိမ်လွှာနဲ့ဈေးလိုက်ခဲ့ပါလား"

"သိပ်ဖြစ်တာပေါ့"

"ဆောင်းဝင်တော့မယ်လေ.. အနွေးထည်တစ်ထည်လောက် လိုချင်လို့"

"သွားလေ"

ထိုသို့ဖြင့် သူတို့မြို့မဈေးဘက်ထွက်လာခဲ့ကြ၏။ အထည်





များရောင်းသော ဆိုင်ခန်းများဆက်လျှောက်ကြည့်ကြသည်။ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်။ လူကြီးတစ်ယောက်ရောင်းသော ဆိုင်တစ်ဆိုင်တွင် အဆင်လှလှဒီဇိုင်းများနှင့် အနွေးထည်တော်တော်များများ ချိတ်ဆွဲထားတာတွေ့ရ၏။

သည်လိုနေရာမျိုးတွင်တော့ တိမ်လွှာကစေ့စပ်သေချာလှ၏။ တစ်ထည်ချင်းစီကို စိတ်ကြိုက်ရွေးသည်။ အဆင်အသွေးကြိုက်တော့ အသားကိုကြည့်သည်။ ဈေးမေးသည်။ များနေလျှင်တော့ ဈေးချိုမည့်နောက်တစ်ထည်ကိုရွေးသည်။ မိမိရသောလစာနှင့် ချိန်တွက်ရသည်မဟုတ်ပါလား။

ကိုယ့်အကြောင်းကိုယ်သာသိသည်လေ။

ကိုယ့်အခြေအနေ ကိုယ်သာရိပ်စားမိသည်လေ။

အရွေးလွန်သွားတော့ ဆိုင်ရှင်ဦးလေး၏ မျက်နှာကမှသာမယာ။

မှုန်ကုတ်ကုတ်နှင့် ကြည့်နေသည်။ တိမ်လွှာက ပစ္စည်းအပေါ်မဲနေ၍ သတိမထားမိသော်လည်း ကျွန်တော်ကတော့သတိထားမိ၏။

"နေစမ်းပါဦး။ ဒီလူကြီးကို ဘယ်မှာမြင်ဖူးပါလိမ့်"

မကြာမကြာတော့ တွေ့ဖူးနေသည်။ ဘယ်မှာတွေ့ဖူးမှန်းသေး။ ဦးနှောက်ကိုနည်းနည်း ဖျစ်ညှစ်ထုတ်ကြည့်တော့ ဖျတ်ခနဲ ဆက်သွားသည်။

သစ္စာလမ်းထိပ်တွင်နေသောလူကြီး။ တစ်ယောက်ထဲနေပုံ ရသည်။ အနေအထားကြည့်ရတာတော့ တော်တော်ကင်းစေး နည်းမည့်ရုပ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဖွတာတွေက များလှချည်လား"

ဆိုင်ရှင်၏အလိုမကျမှု ဩအစ်အစ် အသံကြီးထွက်လာသည်။

"ဘယ်လိုရှင့်"

"တစ်ဆိုင်လုံးကို ရှုပ်ပွပြီး မဝယ်လို့တော့ မဖြစ်တော့ဘူး"

"ကိုယ်ကြိုက်မှ ကိုယ်ဝယ်မှာပေါ့ရှင့်"

"ဝယ်မှာက ခြောက်ပြားတစ်ပဲတန်၊ ကိုင်တာကအမြင့်ကြီး"

"ဒါတွေရှင်ပြောစရာမလိုပါဘူး။ ဘာဖြစ်ဖြစ်တန်ရာတန်ကြေးပေါ့။ ဘယ်သူမှ ရှင့်ဟာအလကားယူမှာမဟုတ်ဘူး"

"ယူလို့ကောရမလား"

သည်အခြေအနေတွင် ကျွန်တော်ဝင်မပါလို့မရတော့ပါ။

"ဒီမယ် ဟေ့လူ။ ခင်ဗျားဈေးသည်တစ်ယောက်ဖြစ်ပြီး စကားကို မဆင်မချင်မပြောနဲ့။ ဈေးသည်ဆိုတာ ဈေးဝယ်ရှေ့သမျှကို သည်းခံရမှာပဲ၊ ဘာပဲဖြစ်ဖြစ်ဝယ်သူဘက်က အမှန်ဆိုတာ မကြားဖူးဘူးလား"

"ဟေ့ ဟေ့ ...စကားကြီး စကားကျယ်တွေပြောမနေနဲ့တော့။ သွား ...သွားကြတော့ ...သွားကြတော့"

"ခင်ဗျားသိပ်လူပါးဝတဲ့လူပဲ။ ကျုပ်တို့က မဝယ်နိုင်ဘူး ထင်လို့လား ခင်ဗျားဆိုင်တစ်ဆိုင်လုံးကို မီးရှို့ပစ်လိုက်လို့ရတယ် [illegible]းလည်လား ..."

"ဟေ့ ...ဘာမှအပိုတွေပြောမနေနဲ့။ မရောင်းဘူးဆို





သွားကြတော့ကွာ"

"ခင်ဗျားဘယ်လောက်သတ္တိရှိနေလဲ"

ကျွန်တော်က ရှက်ရမ်းရမ်းပြီး ဝင်ထိုးဖို့ဟန်ပြင်သည်။ တိမ်လွှာက သူ့လက်မောင်းကို ခပ်တင်းတင်းဆွဲကာ။

"တော်ပါပြီ မောင်ရယ် ....သွားကြပါစို့ ဟိုမှာ လူတွေအုံကြည့်နေကြပြီ။ ရှက်စရာကောင်းလိုက်တာ"

တဆိတ်ရှိ ထစ်ခနဲဆို လူတွေက ဝိုင်းအုံကြည့်နေကြပြီ။ ဒါသနာပေလား မပြောတတ်တော့။ တိမ်လွှာက ကျွန်တော့်ကို ဆွဲခေါ်လာသည်။ ပါးစပ်ကလည်း ဘာတွေထွက်လို့ထွက်မိမှန်းမသိတော့၊ ဆဲဆိုတာတွေလည်းပါကုန်သည်။ ထိုလူကြီးကလည်း မိန်းမလိုမိန်းမရ ကက်ကက်လန်အောင် ရန်တွေ့ကာကျန်ခဲ့၏။ ထို့ကြောင့် ထိုနေ့က အထွေးထည်ဝယ်ခြင်းကို စွန့်လွှတ်လိုက်ပါတော့၏။

ဒေါသထွက်လွန်းသဖြင့် ကျွန်တော့်အသားတွေ တဆတ်ဆတ်တုန်နေသည်။ တိမ်လွှာက ကျွန်တော်စိတ်ပြေသွားစေရန် အမျိုးမျိုးနှစ်သိမ့်၏။

"ပြီးခဲ့တာတွေ ပြီးပြီပဲ မောင်ရယ် စိတ်ဖြေပါတော့"

"အရမ်းလူပါးဝလွန်းလို့ပါကွာ"

ထို့နောက် သူတို့ အအေးဆိုင်ထိုင်ဖြစ်ကြ၏။ ဟိုဟိုသည်သည်စကားမပြည်းပြောဆိုကြရာမှ မာနေသော စိတ်တွေအတော်အသင့်ပြေလျော့ခဲ့ရ၏။ အဲသောင်သို့ပြန်ရောက်သည့်အခါ ကျွန်တော် ဘာစိတ်ကူးပေါက်သွားသည်မသိ။

"တိမ်လွှာ ဒီမှာခဏစောင့်နေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲဟင်"

"ခဏလေးပါ"

ကျွန်တော်ပြောပြောဆိုဆို အခန်းဆီသို့တက်လာခဲ့၏။ ပြန်ဆင်းလာသည့်အခါ လက်ထဲတွင် ကျောက်စိမ်းဆွဲကြိုးပါလာခဲ့၏။

"ရော့.. ဒါကို တိမ်လွှာအတွက်လက်ဆောင်ပေးတယ်"

"သူများအပ်ထားတာဆို"

"လာအပ်တာဆိုပေမယ့် သူ့ပစ္စည်းဟာ ကိုယ့်ပစ္စည်းလိုပါပဲ"

နောက်ပြီး ဒီကောင်က ပြန်ယူတော့မှာမဟုတ်ဘူး။

"ဒီလောက်တောင်လွယ်လား"

"သူနဲ့ကိုယ်နဲ့ ရင်းနှီးမှုကလည်းရှိသေးတယ်။ ရော့ ယူပါ"

ကျွန်တော်က သူ့လက်ကလေးကိုဆွဲပြီး ဆွဲကြိုးလေးကို ထည့်လိုက်၏။ ဒါတောင်သူမက ဆုတ်တွန့် ဆုတ်တွန့်။

"ဒီလောက်အဖိုးတန်တာ တိမ်လွှာမဝတ်ရဲဘူးမောင်"

"မဝတ်ရဲရင်လည်း သိမ်းထားလိုက်လေ။ ဝတ်ချင်တဲ့အခါ မှထုတ်ဝတ်။ မောင့်ရဲ့အမှတ်တရပေါ့"

ထိုအခါကျမှ သူမခေါင်းလေးအသာညိတ်သည်။ အစကတည်းကလည်း သူမ ထိုဆွဲကြိုးလေးအား အလွန်ကြိုက်နေပုံရသဖြင့် စိတ်ကူးပေါ်လာခဲ့ခြင်းဖြစ်ပါ၏။

"တစ်ခုတော့ ရှိတယ်နော်"

"ဘာလဲ မောင်"

"ဒီကိစ္စ မမကိုအသိပေးလို့မဖြစ်ဘူး။ သူက အရမ်းဝန်တို





တာ။ နောက်ပြီး ပစိပစပ်လည်းများတယ်။ ဘယ်ကရတာ ဘယ်သူကပေးတာဆိုပြီး ရှုပ်နေရင်ခက်မယ်။ မောင်ပြောတာနားလည်တယ်နော်"

"အင်းပါ"

"ကဲ ဒါဆို တိမ်လွှာအခန်းထဲဝင်တော့ နောက်တစ်နေ့မှပဲ မောင်တို့ အန္တေးထည်သွားဝယ်ကြတာပေါ့"

"ရတယ်မောင် ကိစ္စမရှိဘူး ဒီနှစ်တော့ရှိတာလေးပဲ ဝတ်လိုက်တော့မယ်။ နမိတ်မကောင်းတာဆို ဘာမှဝယ်ချင်စိတ်မရှိတော့ဘူး"

ထို့နောက် တိမ်လွှာအခန်းအတွင်းသို့ ပြေးဝင်သွားလေသည်။ အန္တေးထည်အကြောင်းစဉ်းစားမိတော့ ထိုလူကြီးကိုပြန်သတိရပြီး..

"တောက်.... သတ်ပစ်လိုက်ဖို့ကောင်းတဲ့လူကြီး"

တစ်နေ့..

တိတ်ဆိတ်ငြိမ်သက်လှသည့် ကုက္ကိုပင်တန်းလေးရှိ ခုံတန်းပေါ်တွင် တစ်ယောက်ထည်းထိုင်းရင်းတိမ်လွှာလေးအကြောင်း စဉ်းစားနေတုန်း တစ်ကောင်ကြွက်ပေါက်ချလာသည်။

"ကိုယ်တော်ချောက ရည်းစားလေးအကြောင်းတွေးပြီး ငြိမ့်နေတာကိုး"

"မင်းလာပြန်ပြီလား"

"မရဘူးလေ။ မင်းဘယ်လောက်နှင်နှင် ငါကတော့ မင်းအနားမှာရှိနေမှာပဲ"

"မင်းနဲ့စကားပြောရတာ အချိန်ကုန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့လေ ကောင်မလေးနဲ့တွေ့ရတာလောက်တော့ ဘယ်အရသာရှိမလဲ"

"နေပါဦး။ မင်းကဘယ်သူ့ခွင့်ပြုချက်နဲ့ တိမ်လွှာလေးကို ကျောက်စိမ်းဆွဲကြိုးပေးလိုက်ရတာလဲ"

ထိုမေးခွန်းကြောင့် ကျွန်တော် အကျပ်ရိုက်သွားသည်။ မျက်နှာခပ်ပျက်ပျက်နှင့်ပင်. . .

"မင်းက ဒါလေးကို နှမြောနေတာလား"

"ဟိတ် ဒါလွယ်လွယ်ကူကူရခဲ့တဲ့ ပစ္စည်းမဟုတ်ဘူးကွ။ ခါးနဲ့ထိုးပြီးလုခဲ့ရတာ"

"ဘာကြီးဖြစ်ဖြစ်လေ. . မင်းမလိုချင်လို့ ငါ့အခန်းထဲ ထားခဲ့တာမဟုတ်လား"

"မင်းပိုက်ဆံပြတ်သွားရင် ရောင်းသုံးလို့ရအောင် စေတနာနဲ့ထားခဲ့တာကွ။ တခြားသူ့အတွက်မဟုတ်ဘူး"

ကျွန်တော့်မှာ အလိုလိုနေရင်း စိတ်တိုလာကာ

"ငါချစ်သူကိုငါပေးတာဘာဖြစ်လဲကွာ။ မကျေနပ်ဘူးလား မကျေနပ်ရင်လဲသေလိုက်"

ကစ်ကောင်ကြွက်က ထိုင်နေသော ကျွန်တော့်ရှေ့တွင် မတ်တတ်ထရပ်လိုက်ပြီး

"မင်း. . တော်တော်ဦးနှောက်နည်းတဲ့ကောင်။ အဲဒါ ရာဇဝတ်မှုသင့်ထားတဲ့ပစ္စည်းကွ။ မတော်သဲလွန်စပေါ်သွားရင် ဘယ့်နှယ့်လုပ်မလဲ"

သူ့အပြောကြောင့် ကျွန်တော်ကြက်သီးထသွား၏။ ဟုတ်သားပဲ။ ဒါ. . အလွန်အရေးကြီးသောသဲလွန်စ





ကျွန်တော်ပင် ထိုစဉ်က အတော်ကြောက်ရွံ့ခဲ့သည် မဟုတ်လား။

ကျွန်တော်ခေါင်းကို တဖျင်းဖျင်းကုပ်လိုက်သည်။ လေသံ ခပ်ပျော့ပျော့ဖြစ်ကာ။

"ငါလည်း အဲဒီနေ့က အနွေးထည်ရောင်းတဲ့သူကို ဒေါသ ထွက်သွားပြီး ဆွဲကြိုးကိုလက်ဆောင်ပေးဖြစ်သွားတာ"

"ဘာဆိုင်လဲ။ ဘာမှမဆိုင်ဘူး။ ဟိုလူကိုဒေါသထွက်တာ နဲ့များ ဆွဲကြိုးကို လက်ဆောင်ပေးလိုက်ရတယ်လို့ကွာ။ တော်တော် ရူးတဲ့ကောင်"

"တော်ပြီကွာ. . တော်ပြီ ဆက်မပြောနဲ့တော့"

"မရဘူး. . ပြောစရာရှိသေးတယ်။ မင်းနဲ့ကောင်မလေး ကြိုက်သွားဟာ မမြန်လွန်းဘူးလား"

"အဲဒါဘာဖြစ်လဲ. . ."

"ကြိုက်တာ မြန်ရင်ကွဲဖို့လည်းမခက်ဘူးကွ။ အဲဒါမြဲမြဲ မှတ်ထား။ တစ်ယောက်သဘော တစ်ယောက်စောင့်ကြည့်ပြီး အချိန်ယူ လေးလေးနက်နက်စဉ်းစား။ ဒါမျိုးမှမလုပ်ခဲ့တာ"

"ဒါပေမဲ့ ငါ့ဘက်က သူ့အပေါ် လေးလေးနက်နက်ချစ် တာကွ"

တစ်ကောင်ကြွက်က ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

"ယုံပါတယ်. . ယုံပါတယ် မိန်းမဆိုဘယ်မိန်းမနဲ့မှ မပတ်သတ်ခဲ့ဘူးတဲ့ မင်းအတွက်တော့ ယုံပါတယ်. . ဒါပေမဲ့ သူ့ပုံကိုကြည့်စမ်း။ ဘယ်လောက်အညှာလွယ်လိုက်သလဲလို့"

တခြားဘာပြောပြော ခံနိုင်ရည်ရှိသော်လည်း တိမ်လွှာ လေးအား အညှာလွယ်သောမိန်းကလေးဟု ဆိုလာခြင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ဆိုးရသည်။

"ဟော့ကောင်.. မင်းသူ့သိက္ခာကိုမထိနိုက်နဲ့ အသက်ချင်း လဲပစ်လိုက်မယ်"

"ဟား ...ဟား ... ဟား ..."

သူကလည်း မင်းသားတစ်ယောက်လို အိုက်တင်ပါပါ ရယ်မောပါလေတော့၏။

"ကျွတ်.. ကျွတ် သနားစရာသတ္တဝါပါပဲလား"

"အေး.. မင်းထင်ချင်သလိုထင် တိမ်လွှာလေးအပေါ် တော့ တစ်စက်ကလေးမှ အထိအခံနိုင်ဘူးထိလာရင်တော့ မှားမှား မှန်မှန် ငါ့ဘက်က ကန့်ကွက်မှာပဲ"

"မင်းကိုဘယ်လိုပြောပြော နားဝင်မှာမဟုတ်တော့ဘူး"

"ဒါဆိုပြန်တော့ကွာ.. မင်းကအကုသိုလ်ကောင်"

"ဟား ... ဟား ... ငါများ ပြောရက်လိုက်တာကွာ ကဲ.. ဒါတွေထားလိုက်ပါတော့။ မင်းအားရင် ငါနဲ့လိုက်ခဲ့ပါလား အပျင်းပြေ သွေးပူလေ့ကျင့်ခန်းလုပ်ရအောင်"

"ဘယ်လဲ..."

"လူသွားသတ်မလို့"

"ဘာပြောတယ်ကွ"

ကျွန်တော် တအားကုန်အော်လိုက်မိ၏။

"ဖြည်းဖြည်းပြောစမ်းပါ လူတွေကြားကုန်ပါ့မယ်။ မင်း ဟာလေ စကားပြောလည်းအသံကျယ်ကျယ် လမ်းလျှောက်လည်း အသံထွက်"

"မင်း.. မင်း ... ဘယ်သူ့ကိုသွားသတ်မှာလဲ"





"လိုက်သာလိုက်ခဲ့စမ်းပါ ... ဟိုရောက်ရင်သိမှာပေါ့"

"မလိုက်ဘူးကွာ မလိုက်ဘူး မင်းငါ့ကို တရားခံစွဲမထည့် နဲ့ သွား.. သွား ... သွားတော့ကွာ"

"ကောင်းပြီလေ ဒါဆိုလည်း သွားရတာပေါ့"

သူက ပြန်ရန်ဟန်ပြင်သည်။ သို့သော် ပြုနေကျ သူ့ဟန် အတိုင်း ကျောပေးပြီးမှ ခေါင်းလေးနောက်သို့ လှည့်လာပြီး

"ငါဘယ်သူ့ကို သတ်မယ်ဆိုတာ ကြိုပြောသွားလိုက် မယ်"

တခြားသူမဟုတ်ဘူး အနွေးထည်ရောင်းတဲ့လူကြီးကို"

"ဟား.. ဟော့ကောင် ... ဟော့ကောင်"

ထို့နောက် သူလေလေ ချွန်လျှက် အေးအေးလူလူ ထွက် သွားလေတော့၏။

"တောက်.. ဒီကောင်ဘာတွေလျှောက်လုပ်နေမှန်း သိဘူး.. သေချင်တယ် သေချင်တယ်"

ထိုညက ကျွန်တော့်စိတ်တွေ ဂနာမငြိမ်။ တစ်ကောင် ကြောက်ဘာဖြစ်မလဲ ဘာတွေပြဿနာတက်မလဲ ဟူသည့်စိုးရိမ်စိတ် တာ နေမထိထိုင်မသာ။

အိပ်မက်ထဲတွင်လည်း ဈေးသည်ကြီးကို ကျွန်တော် ကိုယ် တိုင် ဓားဖြင့် ထိုးသတ်ခဲ့သည်ဟု မြင်မက်ပါသည်။

"ကဲကွာ ... ကဲကွာ ခင်ဗျားတော်တော်မောက်မာတဲ့လူ တော်တော်ကြီးကျယ်တဲ့လူ"

လူကြီးက တဖိုင့်ဖိုင့်မို့ ကျွန်တော့်ဓားချက်တွေကို ရှောင် နိုင်ခြင်းမရှိခဲ့ပါ။ သွေးအိုင်ထဲတွင် ပုံလျက်သားလေး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ကျွန်တော် အိမ်ရာထနောက်ကျခဲ့သည်။

ဘာကြောင့်မှန်းမသိ။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေ၏ မျက်နှာသစ်ရန်အောက်ဆင်းသည့်အခါ ကုမ္ပဏီသွားမည့် တိမ်လွှာနှင့်ဆုံ သည်။

"ညက မောင့်အခန်းထဲမှာ စကားပြောသံတွေကြားနေရတယ်။ သဲသဲကွဲကွဲတော့မဟုတ်ဘူး"

ကျွန်တော်နည်းနည်းကြောက်သွားသည် သို့သော် မိမိမှာ လိပ်ပြာလုံသူတစ်ယောက်မဟုတ်သောကြောင့် စိတ်ကူးရသလို ပင်။

"VCD ထဲကအသံဖြစ်မယ်... ညကကိုယ်ဇာတ်လမ်းခွေကြည့်နေတာ"

သူမခေါင်းငြိမ်သွားပြီး ...

"စောစောစီးစီး မောင်ကြားပြီးပြီလား"

"ဘာဖြစ်လို့လဲ တိမ်လွှာ"

"သစ္စာလမ်းထိပ်မှာ ညက ဓားနဲ့ထိုးပြီးလူသတ်သွားလို့"

"ဟင် ... ဟုတ်လား ... ကိုယ်ခုမှန်းတာ"

"အသတ်ခံရတဲ့လူက ဘယ်သူများထင်လို့လဲ"

"မောင်နဲ့ တိမ်လွှာတို့ ရန်ဖြစ်ခဲ့တဲ့ အနွေးထည်ဈေးသည်ကြီး"

"ဘာ"

ကျွန်တော် အထိတ်တလန့်ဖြစ်ခဲ့ရပါသည်။

"ဘာဖြစ်သွားတာလဲမောင်"





"မဟုတ်ဘူး ... မဟုတ်ဘူး ... ဒါနဲ့တိမ်လွှာ ကိုယ်တို့သူနဲ့ ရန်ဖြစ်ခဲ့တာကို ရပ်ကွက်ထဲမှာလျှောက်မပြောနဲ့နော် ... မတော်တဆ အမှုပတ်နေဦးမယ်"

"အို ... ဘာဆိုင်လို့လဲမောင်"

"ဆိုင်တယ် ... တော်ကြာ ယုံထင်ကြောင်ထင်သွားရင်ဘယ်လိုလုပ်မလဲ"

ကျွန်တော့်စကားက နည်းနည်းမာသွားသည်။ ကျွန်တော့် အမူအရာတွေကော ပျက်ယွင်းနေပြီလား။ ကျွန်တော်ဘာဆိုဘာမှ မသိတော့ပါ။ အစိုးရိမ်လွန်သွားသောအခါ ဖြစ်တတ်သော သဘာဝ ပင်၊ တိမ်လွှာဘာမှဆက်မပြောတော့ဘဲ အလုပ်ဆင်းသွားလေ၏။

နောက်နေ့များတွင် တိမ်လွှာ ကျွန်တော့်ကို ရှောင်ဖယ်ရှောင်ဖယ်လုပ်နေကြောင်း သတိထားလာဖြစ်သည်။ မျက်နှာလည်း ချွင်မပျ။

ကျွန်တော်တို့အကြောင်းကို မမသိသွားလို့များလား။ ကျွန်တော်က ချိန်းတွေ့ရန်ပြောသော်လည်း တိမ်လွှာက အကြောင်းပြချက်အမျိုးမျိုးဖြင့် ရှောင်တိမ်းလေသည်။

"အလုပ်တွေ အရေးကြီးနေလို့ပါမောင်ရယ်"

တစ်ရက် ကျွန်တော့်အပါး တိမ်လွှာ မဝံ့မရဲ တွန့်ဆုတ်စွာ ရောက်လာ၏။

ဆုပ်ထားသော လက်ကလေးကို ကျွန်တော့်ရှေ့အရောက် ဖြန့်လိုက်သည်။

လက်ဖဝါးပြင်ပေါ်တွင် ကျောက်စိမ်းဆွဲကြိုးလေး။

"ဒါ ... ဘာ ... ဘာသဘောလဲ တိမ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပေးထားတာလေ.. ကျွန်မ မဝတ်ရဲလို့ ပြန်ပေးပါရစေ"

"ဘာကြောင့်လဲ တိမ်လွှာ"

"ဟင့်အင်း ဟင့်အင်း တိမ်လွှာဘာမှမပြောတတ်တော့ဘူး မောင်"

"ကိုယ် ဒါကို စေတနာပါပါပေးခဲ့တာပါ တိမ်လွှာ"

"နားလည်ပါတယ် ဒါပေမဲ့ ... ကျွန်မ လက်မခံပါရစေနဲ့.. တိမ်လွှာ ဒါကို ပန်းတိမ်ဆိုင်မှာပြပြီးပြီ.. တကယ့်အရည်အသွေးကောင်းတဲ့ ကျောက်စိမ်းစစ်စစ်တဲ့ သိန်းချီတန်တယ်တဲ့.. "

"အဲဒီတော့ ဘာဖြစ်လဲ"

"ဟင့်အင်း ... ဟင့်အင်း ... ဘာကြောင့်လဲ မသိဘူး... တိမ်လွှာ ကြောက်တယ်..ကြောက်တယ်"

ကျွန်တော့်လက်ထဲ အတင်းထည့်ပြီး ပြေးလေတော့သည်။

"တိမ်လွှာ.. တိမ်လွှာ.. နေဦးလေ ... နေဦးလေ"

ကျွန်တော်ပြောမပြတတ်အောင် ဝမ်းနည်းခဲ့ရပါသည်။

"မင်း ... မင်းတို့ကို အဆက်ဖြတ်ချင်လို့လား တိမ်လွှာလေးရယ်"

ထိုအဖြစ်မျိုးကို မကြုံဖူး၍ ရူးမလောက်အောင်ပင် ခံစားလိုက်ရပါ၏။

"ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ တိမ်လွှာလေးရယ် ရက်စက်လိုက်တာ"

တိုင်ပင်စရာရင်ဖွင့်စရာ ကျွန်တော့တွင် အဖော်မရှိတော့





တစ်ကောင်ကြွက်ကျပြန်တော့လည်း..

"သွားစမ်းပါ ဒီကောင်လာလည်း ဘာထူးမှာလဲ။ အစကဝါမပြောလားဆိုပြီး ရစ်နေဦးမှာ မလာတာက ခပ်ကောင်းကောင်း"

အမှန်အတိုင်းဝန်ခံရလျှင် ထိုအချိန်များသည် ကျွန်တော်၏ ကိုယ်စိတ်နှလုံး ချွတ်ခြုံကျကာ ပင်ပန်းနွမ်းနယ်နေသော အချိန်လည်းဖြစ်ပါ၏။

⌘



www.burmeseclassic.com

www.burmeseclassic.com

## (၁၃) ကြေကွဲစိတ်များနှင့်ထပ်တူ

ကျွန်တော်အပြင်သို့မထွက်ဘဲ အခန်းအောင်းနေခဲ့သည်မှာ သုံးလေးရက်ရှိပြီ။ အရင်က ဟမင်းချိုင့်ကို မမ မဟုတ်လျှင် တိမ်လွှာကိုယ်တိုင် လာပို့သော်လည်း ယခုတော့ မမလက်တိုလက်တောင်းခိုင်းရန် ရွာမှခေါ်ထားသည့် မိစုလေးသာ လာပို့တော့၏။

ကျွန်တော့်အပေါ် သူတို့ဘာဖြစ်သွားကြပြီလဲ။

ဘာကြောင့် စိမ်းကားရက်စက် ရှောင်ဖယ်သွားကြပြီလဲ။

ကျွန်တော် အခန်းအတွင်းမှာပင် ပူဆွေးတမ်းတမှုကို လှလှပပကြီးခံစားနေရပါပြီ။

ထိုညက သူတို့အဆောင်တစ်ဆောင်လုံး ဆိတ်ငြိမ်နေသည်ဟုထင်ရ၏။ စောစောက အောက်ထပ်မှာ ကောင်မလေးတစ်စု TVကြည့်နေသံကြားရသေး၏။

ကျွန်တော့်အခန်းတစ်ခန်းကျော်မှ လူတစ်ယောက် အရက်





ဦးသောက်လာပြီး တစ်ယောက်ထဲ သီချင်းငြီးနေတာ ကြားရသေး ခုတော့ အားလုံးတိတ်ဆိတ်သွားပြီး ကျွန်တော်တစ်ယောက် ဘဲသာ အိပ်မပျော်နိုင်ဘဲ ဟိုတွေးသည်တွေးနှင့် ငူငူကြီးမှိုင်နေတာသာဖြစ်မည်။

"ဒေါက် ဒေါက် ဒေါက် ဒေါက်"

အချိန်မတော် တံခါးခေါက်သံတစ်ခု။

မမလား၊ သို့တည်းမဟုတ် တိမ်လွှာလား။ မဟုတ်လျှင်တော့ တစ်ကောင်ကြွက်သာဖြစ်ရလေမည်။

"ဘယ်သူလဲ"

အပြင်မှ တုံ့ပြန်သံမပေး။ တံခါးကိုသာ အဆက်မပြတ်ခေါက်နေပေတော့၏။ ထိုသို့အပြုအမူမျိုးမှာ တစ်ကောင်ကြွက်မှလွဲလျှင် မည်သူရှိပါဦးမည်လဲ။

"မအေပေး တော်တော် ကသိကအောင့်ဖြစ်ကောင်လုပ်တဲ့ကောင် တွေ့မယ်"

ကျွန်တော်က တံခါးကို ဆောင့်ဖွင့်လိုက်သည်။

"ဟင်"

ကျွန်တော် သွေးပျက်မတတ်တုန်လှုပ်ချောက်ချားသွား၏။

ဝမ်းဗိုက်တွင် သွေးများဖြင့် စိုရွှဲနေသော အနွေးထည်သည့်လူကြီး အခန်းဝတွင် မတ်မတ်ကြီးရပ်ကာ ရွံရှာမုန်းသောအကြည့်တွေနှင့် ကြည့်နေ၏။ သွေးတွေက ကြမ်းပြင်သို့ တစ်စက်စက်ကျလျက်။

"ခင် ... ခင်ဗျား ... ခင်ဗျား"

"မင်း ငါ့ကိုသတ်သွားတာ မမှတ်မိတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက ပြောပြောဆိုဆို အခန်းအတွင်းသို့ လှမ်းဝင်လာသည်။

ကျွန်တော်က နောက်သို့ တလှမ်းချင်းဆုတ်လျက်..

"မဟုတ်ဘူး.. ကျုပ် ခင်ဗျားကိုမသတ်ဘူး၊ ကျုပ်သတ်တာ မဟုတ်ဘူး မသတ်ဘူး"

"မင်း တော်တော် အဖုံးအဖိကောင်းတဲ့ကောင်ပဲ မင်းဒီလိုပြောတိုင်း မင်းအပြစ်တွေက လွတ်မယ်လို့ထင်လား"

"လွတ်လွတ် မလွတ်လွတ်.. ကျုပ်သိတာ ခင်ဗျားကိုမသတ်ဘူးဆိုတာပဲ"

ထိုအချိန်မျိုးတွင် တစ်ကောင်ကြွက်ရောက်လာစေချင်သည်။ သူကသတ္တိကောင်းသလို လက်ရဲဇက်ရဲလည်းရှိသည်။ ခုဒီကောင်ဘယ်ရောက်နေပါသလဲ။

"ငါ့ကိုသတ်ထားတဲ့ကောင်ဆိုတော့ ငါကလည်း မင်းကိုပြန်သတ်ရမှာပဲ"

"ခင်ဗျားသတ်ချင်တိုင်း သတ်လို့ရမယ်ထင်နေလား"

"ဒါဆို ... စမ်းကြည့်ကြသေးတာပေါ့"

ကျွန်တော် အနီးအပါးသို့ ဝေ့ဝိုက်ကြည့်သောအခါ သစ်သားတုတ်တစ်ချောင်းကို သွားတွေ့၏။ ရုတ်တရက် ခပ်သွက်သွက်လှမ်းယူလိုက်ပြီး ထိုသူအား ရိုက်ရန် အသင့်အနေအထားပြင်လိုက်၏။

"ခင်ဗျား ရှေ့တိုးရဲတိုးကြည့်လိုက်စမ်း ကျုပ်လက်စာမိသွားမယ်"

"ဟား ... ဟား ... သေပြီသားလူကိုများ မင်းက





ထပ်သတ်ချင်သေးတာကိုးကွ ... တော်တော်ရယ်စရာကောင်းတဲ့ကောင်.. ဟား.. ဟား.."

သူက အားပါတရ ရယ်မောလျက် ရှေ့သို့ထပ်တိုးလာပြန်သည်။ တစ်စက်ကလေးမှ ကြောက်ရွံ့ပုံမပြ။

ကျွန်တော် မထူးတော့ပြီမို့ တုတ်ကို အားကုန်လွှဲကာ သူ့ခေါင်းကို ရိုက်ချလိုက်၏။ တုတ်က ထိုသူဦးခေါင်းတည့်တည့်သို့ လက်ဆမှန်မှန် ရောက်ရှိသွားသော်လည်း ခေါင်းကိုမထိ။ ကျော်ဝင်သွားသည်။

မီးခိုးကို တုတ်နှင့်ရိုက်လိုက်ရသလိုပင်။

ကျွန်တော် ခန္ဓာကိုယ်က တုတ်အရှိန်ကြောင့် ဟန်ချက်ပျက်သွားသည်။

"ဟား ... ဟား.. ဟား.. ဟား.."

ထိုသူက အရယ်အမောမပျက်

နောက်တစ်ကြိမ် ကိုယ့်ကို ချိန်ဆ၍ရိုက်လိုက်ပြန်ရာ

"ဟား ... ဟား.. ဟား.. ဟား.."

နောက်တစ်ကြိမ်

"ဟား ... ဟား.. ဟား.. ဟား.."

နောက်တစ်ကြိမ်

"ဟား ... ဟား.. ဟား.."

ကျွန်တော်ဘယ်လိုရိုက်ရိုက် မအောင်မြင်တော့ကြောင်း သိလိုက်ရလေပြီ။

"ကိုင်း ... မင်းရိုက်လို့ မောသွားရင် ငါ့အလှည့်ပေါ့ကွာ.."



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက ပြောပြောဆိုဆို ကျွန်တော့်ထံ ခုန်ဝင်လာကာ လည်ပင်းကို လက်နှစ်ဖက်ဖြင့် မိမိရရညှစ်ပါတော့၏။ အားကောင်းမောင်းသန်လက်ကြီး။

ကျွန်တော့်အသံပင် မထွက်နိုင်တော့။ ကျွန်တော် ခုတင်ပေါ်ပစ်လဲကျသွား၏။ ထိုသူက ကျွန်တော့်အပေါ်ကို ခွစီးကာ စိတ်ရှိလက်ရှိဖျစ်ညှစ်နေပါတော့၏။

ထိုအတိုင်းသာဆိုလျှင် ကျွန်တော် သေဖွယ်ရာပင်ရှိတော့မည်။

အသက်မရှူနိုင်သည့် ဝေဒနာကလည်း အတော်ပင်ဆိုးဝါးလွန်းလှပါ၏။ ထို့ကြောင့် သေတော့မည် လူတစ်ယောက်ဖို့ နောက်ဆုံးလက်ကျန် ခွန်အားကို စုစည်းညှစ်ထုတ်လိုက်ကာ. .

"ဝုန်း"

ကျွန်တော် ခုတင်ပေါ်မှပြုတ်ကျသွား၏။

အာရုံကြောတွေ ဆူဝေသွားကာ အတိတ်တလန့်ဖြစ်လျက် အိပ်မက်မှ ဖျတ်ခနဲနိုးခဲ့ရလေ၏။

"ငါ. . အိပ်မက်မက်နေတာပါလား"

ထိုအခါမှ ကျွန်တော် စိတ်သက်သာရာရသွားတော့၏။ တွေးမိတွေးရာတွေးရင်း အိပ်ပျော်သွားခြင်းမျှသာ။

"ဟူး. . တော်ပါသေးရဲ့"

ခုတင်ပေါ်မှ ပြုတ်ကျသံကို ဘယ်သူမှကြားလိုက်ပုံမရနိုမဟုတ်လျှင် မမအပေါ်သို့တက်လာမှာတော့ သေချာပါ၏။ ထို့နောက် ကျွန်တော်တော်တော်နှင့် အိပ်မပျော်နိုင်တော့ပါ။

တစ်ညနေ ကျွန်တော် ကျူရှင်ကျောင်းမှအပြန် ဘော်ဒါ





ဆောင်ခြံဝင်းအတွင်း ဆလွန်းကား အဖြူရောင်လေးတစ်စီးရပ်ထားတာတွေ့ရ၏။ ထိုသို့ ကားဖြင့်လာသောဧည့်သည် အလွန်ရှားပါးသောကြောင့် အနည်းငယ်ထူးဆန်းနေသလိုပင်။ ကျွန်တော် အခန်းပေါ်သို့ တက်လာခဲ့၏။

ဘာရယ်မဟုတ် ပြတင်းပေါက်မှ လှမ်းကြည့်မိသောအခါ တိမ်လွှာလေးနေသော နှစ်ခန်းတွဲ အဆောင်ကို လှမ်းမြင်နေရ၏။ တစ်ထပ်ထဲရှိသော နှစ်ခန်းတွဲလေး။ ထူးခြားသော မြင်ကွင်းမှာ ထိုအဆောင်လေးရှေ့တွင် တိမ်လွှာနှင့် လူငယ်တစ်ယောက် မတ်တတ်ရပ်ကာ စကားပြောနေကြခြင်းပင်။ ကားနှင့်လာသူမှာ ထိုသူပင်ဖြစ်ရမည်ဟု တထစ်ချတွက်လိုက်၏။

"သွား . . . ရှင် . . . ထွက်သွား"

အခြေအနေကောင်းတစ်ရပ်တော့ မဟုတ်ပေ။ တိမ်လွှာက ထိုသူအား နှင်လွှတ်နေခြင်းဖြစ်၏။ အနည်းငယ်အလှမ်းကွာသဖြင့် ထိုသူပြန်ပြောသော စကားများကိုမကြားရ။

သူမက အကြီးအကျယ်ဒိုရိုက်ရင်း ထွက်သွားခိုင်းနေသည်။

ထိုသူက မရမကချော့နေရှာသည်။ ကြည့်ရသည်မှာ ယခင်ကတည်းက ပတ်သတ်ခဲ့ဘူးသည့် အနေအထားမျိုး။

တိမ်လွှာ၏ပခုံးနှစ်ဖက်ကိုကိုင်၍ ငေးငိုင်သွားအောင် ပြောတတ်သည့် ထိုလူ၏အမူအရာတို့မှာ ရုပ်ရှင်မင်းသားနှင့်ပင် တူနေပါသေး၏။

ဘာတွေပြောနေမှန်းမသိ။ အကြာကြီးမှ တကယ့်အကြာကြီး

တိမ်လွှာကငိုကြွေးနေဆဲ ကျွန်တော်အလိုလိုနေရင်းဒေါသ



www.burmeseclassic.com

www.burmeseclassic.com



တွေလိုက်တက်လာကာ။

"တောက်.. ဘာတွေလဲကွာ.. ဘာတွေလဲ"

ကျွန်တော် ထိုသူ၏ မျက်နှာကို စူးစူးရဲရဲကြည့်လိုက်၏။

ဓာတ်ပုံရိုက်လိုက်သည့်အလား ဦးနှောက်ထဲတွင် စွဲမြဲစွာ မှတ်သားထားလိုက်၏။ ထို့နောက် တိမ်လွှာအိမ်ထဲသို့ ပြေးဝင်သွားသလို ကားဖြူလေးလည်း ထွက်သွားတော့၏။

ကျွန်တော် နေမထိထိုင်မသာ ဖြစ်ရသည်။ တိမ်လွှာမျက်ရည်ကျတာ ဒါ ... ပထမဦးဆုံးမြင်တွေ့ဖူးခြင်းပင်။ သူတို့တစ်တွေက ဘာတွေလဲ၊ ကျွန်တော့်မှာ ထိုင်ရမလိုလို ထရမလိုလို ဖြစ်နေ၏။ ခေါင်းတွေလည်း ဆူပွက်ကုန်လေပြီ။

ထို့ကြောင့် ရေအိမ်သို့ဆင်းလာခဲ့သည်။ ရေအိမ်သွားသည့်လမ်းအစွန်းဆုံးအခန်းတွင် စောစောက မြင်ကွင်းကို မြင်လိုက်ရသည့် ကောင်မလေးနှစ်ယောက်က စကားအတင်းဖွဲ့နေသံကို သဲ့သဲ့ကြားရ၏။

ရှိုင်းချင်ရှိုင်းပစေတော့ ကျွန်တော် ပျဉ်ကားနားသို့ တိုးကပ်ကာ နားထောင်လိုက်မိသည်။

"တိမ်လွှာ ဒီကိုရောက်မလာခင် အဲဒီလူနဲ့ဖြစ်ခဲ့သေးတာတဲ့ အဲဒီလူနာမည်က **ကိုကိုဇော်** တဲ့"

"ဟင် ... အန်တီပြောတော့ နယ်ကလာတာဆို"

"အလကား ရောက်နေတာကြာပြီ.. အရင်အလုပ်လုပ်တာ စတိုးဆိုင်တစ်ဆိုင်မှာ"

"စောစောက ကိုကိုဇော်ဆိုတဲ့လူအကြောင်း ဆက်စမ်းပါဦး"





"သူ့မိဘတွေ တော်တော်ချမ်းသာတယ်ဆိုလား ဒီလူက နိုင်ငံခြားကပြန်လာတာ မကြာသေးဘူး"

"တိမ်လွှာက မျက်နှာများလိုက်တာနော်"

"ပိုက်ဆံချမ်းသာတော့ မိန်းကလေးပဲ စိတ်ယိုင်မှာပေါ့ပဲ့နောက်ပြီး မမက မလော်ပလယ်လုပ်တာလည်းပါတယ် တိမ်လွှာကို ကိုကိုဇော်နဲ့ တွန်းပို့ရတာအမော။ နောက်တော့ ကိုကိုဇော်က အိမ်က စီမံတာကိုမလွန်ဆန်နိုင်လို့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ရမယ့်အခြေအနေ သတင်းကြားတော့တာပဲ"

"ဒါဆို.. သူမသိလို့ တိမ်လွှာကို ကြိုက်ခဲ့တာပေါ့"

"ဘယ်ကသာ အဲ့ဒီလူကလူလိမ်။ နိုင်ငံခြားမထွက်ခင်ကတည်းက ပြန်လာရင် အဲ့ဒီမိန်းမကို ယူဖို့အစီစဉ်ရှိပြီးသား။ လက်မထပ်ခင် တိမ်လွှာကို အချောင်ရမလားဆိုပြီး ဟင်း.. မပြောလိုက်ချင်ဘူး ဟိုကောင်မထက် တိမ်လွှာက ပိုပြီးလှနေတာလေ.."

"ယောကျ်ားတွေများဟယ်.. တတ်လည်းတတ်နိုင်လွန်းပါတယ်"

"ဒီလိုအတိုင်းသာဆို.. နိုင်ငံခြားမှာလည်း ရှုပ်ခဲ့မယ့်သဘောပဲ"

"သေချာတာပေါ့"

"သူ.. ဒီကိုဘာလာလုပ်တာလဲ"

ထိုအချိန်တွင် ကျွန်တော့်အသားတွေ တဆက်ဆက်တုန်ယင်လာနေပေပြီ။ ဘာကို ဒေါသဖြစ်လို့ ဖြစ်သွားမှန်းလဲမသိ။

"လက်ထပ်ဖိတ်စာလာပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



''အမလေးတော်... ရက်စက်လိုက်တာ။ ရုပ်ရှင်ထဲကလို ပါပဲလား''

''သူတို့လက်ထပ်ပွဲမှာ အနှောင့်အယှက်လာမပေးအောင် ချော့တာလည်းပါမှာပေါ့... ဒီလူက တရားတာ မတရားတာ သိတာမှ မဟုတ်တာ။ မြသုခလမ်းထိပ်က တိုက်အသစ်တစ်လုံး ဆောက်ထားတာ နင်သတိထားမိတယ်မို့လား။ အဲဒါ သူတို့မင်္ဂလာ ဆောင်ပြီးရင်နေဖို့''

''ဒါနဲ့ နေစမ်းပါဦး။ တိမ်လွှာဒီကိုရောက်တော့ ကောင်း မြတ်ငြိမ်းနဲ့ ဖြစ်လိုက်ကြသေးတယ်မို့လား''

''ငါ့အထင်တော့ တကယ့်ချစ်သူတွေ မဖြစ်နိုင်ဘူး... အကြောင်းတစ်ခုခုရှိလို့...''

''နင့်ဟာက ဘယ်လိုစကားကြီးလဲဟယ်''

''ငါပြောမယ်လေ၊ တစ်ရက် ကောင်းမြတ်ငြိမ်း အဆောင် မှာမရှိတုန်း အရုပ်ဝတ်အရုပ်စားနဲ့ရဲတစ်ယောက် မမဆီရောက်လာ တယ်။ သူ့ကိုယ်သူ မိ...ဆက်တော့မှ ရဲဖြစ်ကြောင်းသိလိုက်ရ တာ။ ကိစ္စတစ်ခုခုရှိလို့ဆိုတာ သိလိုက်ပြီလေ။ အဲ့ဒီရဲ မမနဲ့တွေ့ပြီး ညှော်ခန်းထဲဝင်သွားတာပဲ။ ငါလည်း အရမ်းသိချင်တာနဲ့ အခန်း အပြင်က ချောင်းပြီး နားထောင်လိုက်သေးတယ်။ ပြောသံတွေက ခပ်အုပ်အုပ်ဆိုတော့ မသဲကွဲဘူး။ ကောင်းမြတ်ငြိမ်းဆိုတဲ့ နာမည် လည်းပါတယ်။ သတိထားစောင့်ကြည့်ပေးဖို့လည်း ပါတယ်။ သက် သေနိုင်လုံဖို့လိုတယ်လို့လည်း ပြောတယ်။ ဘာတွေမှန်းမသိဘူး''

''ဒါဆို ကောင်းမြတ်ငြိမ်းအပေါ် သက်သေကင်းတစ်ခုခုများ ရှိနေလို့လား''





''ဒါတော့ မသိဘူးလေ''

''မဖြစ်နိုင်ပါဘူးဟယ် ဒီကောင်လေးနေတာ အေးအေး လေးရယ်''

''အဲဒီနောက်ပိုင်း တိမ်လွှာနဲ့ အတွဲများလာတာပဲ''

''နင်ဆိုလိုတာက ကောင်းမြတ်ငြိမ်းအကြောင်းသိချင်လို့ သူလျှိုလုပ်လိုက်တဲ့သဘောလား''

''ငါတော့ ဒီလိုပဲထင်တယ်''

ကျွန်တော် သူတို့စကားတွေ နားထောင်ရင်း ချွေးစေးတွေ ပျံလာသည်။

မယုံကြည်နိုင်စရာကောင်းလောက်အောင် ပီရိသေသပ်လှ သည့် တိမ်လွှာပါလား။

''ဒါဆို ... တိမ်လွှာငါ့ကို တကယ်မချစ်ချင်ဘူးပေါ့။ လိမ်တယ် လိမ်တယ်''

ကျွန်တော့်ရင်တွေပေါက်ကွဲလွင့်စင်မတတ် ခံစားလိုက်ရပြီး ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့ ထိုနေရာမှ ရေအိမ်သို့ပင် ခသွားတော့ဘဲ အခန်းပေါ်သို့ ခပ်သွက်သွက်တက်လာမိ၏။ ထို့ နောက် အခန်းတံခါးကို ဝုန်းခနဲပိတ်ကာ ထိုနေရာတွင်ပင် အရုပ် ကြိုးပြတ် ထိုင်ချလိုက်တော့၏။

''ရက်စက်လိုက်တာ''

⌘



www.burmeseclassic.com

www.burmeseclassic.com

## (၁၄) အကွက်ကျကျစီစဉ်ခဲ့သူ

ကျွန်တော် အိပ်ရာပေါ်မှောက်လျက် အကြီးအကျယ် ဝမ်းနည်းကြေကွဲနေခဲ့ပါသည်။

"ပြောစမ်း ငါ့ဘဝမှာ ဘယ်သူ့ကို ယုံကြည်ရတော့မှာလဲ၊ အားလုံးကလိမ်နေကြတယ်။ ညာနေကြတယ်"

ကျွန်တော်အိပ်ရာပေါ်တွင် ပက်လက်ဖြစ်လိုက် မှောက်ခုံဖြစ်လိုက်

"တကယ်ဆို ငါ့မှာ ရဲနဲ့ပတ်သက်စရာ ဘာအကြောင်းမှ မရှိဘူး... ဟိုကောင့်ကြောင့် ဒင်းကြောင့်"

ကျွန်တော့်ကို ချစ်ဟန်ဆောင်ခဲ့သည့် တိမ်လွှာကိုလည်း မကျေနပ်။ မကောင်းမှု ဒုစရိုက်အမှောင်ထဲ တွန်းပို့နေသည့် တစ်ကောင်ကြွက်ကိုလည်း မုန်းလိုက်တာ။





တိမ်လွှာကို မလိမ့်တစ်ပတ်လုပ်သွားသည့် ကိုကိုဇော်ကိုလည်း သတ်ပစ်ချင်နေမိသည်။

တဖြည်းဖြည်းနှင့် ကျွန်တော့်စိတ်တွေ လေးလံ ရှုပ်ထွေးလာသည်။

ကျွန်တော် အိပ်ရာမှဝုန်းခနဲထလိုက်သည်။

"ဒီနေ့ည မင်းကို မတွေ့တွေ့အောင်ရှာရမယ်။ တစ်ကောင်ကြွက်"

အကျီထည့်သေတ္တာဘေးတွင် လုံးထွေးထားသော အဝတ်အစားတချို့တွေ့သည် ကောက်ယူကြည့်တော့..

"ဟင်"

သွေးများ ပေစွန်းနေတာတွေ့ရ၏။

"ဒါ... ငါ့အကျီပဲ ဒီကောင် အခန်းထဲတိတ်တိတ်ဝင်ပြီး ယူဝတ်ထားနေမယ် ဒါဆို ဒီသွေးတွေက ဘယ်လိုစွန်းတာလဲ။

စွန်းပေနေသော သွေးများအကြောင်း စဉ်းစားကြည့်တော့ သိသလိုလို မသိသလိုလို။

ထို့နောက် ... ကျွန်တော်အဝတ်အစားလဲ၍ အပြင်သို့ ထွက်လာခဲ့သည်။ အချိန်အခါမဟုတ်။ မိုးတွေက အုံ့မှိုင်းလျက်။

"မိုးရွာမယ်ထင်တယ် မုန်တိုင်းရှိလို့များလား"

သည်ကနေ့တော့ တစ်ကောင်ကြွက်ကို ရှာမတွေ့လို့မဖြစ်။ ထို့အတူ မိုးရွာမှာကိုလည်း စိတ်ပျက်မိပါ၏။

တိုစဉ်အနိုက် မိုးဖွားလေးများကျလာသဖြင့် အနီးရှိဘီယာဆိုင်သို့ဝင်မိလျက်သားဖြစ်သွားသည်။

"ဘာသုံးဆောင်မလဲ အစ်ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်အဖြူ စတိုင်ဘောင်းဘီအနက်နှင့် လည်စည်းဖဲပြား ပွင့်လေးတပ်ထားသည့် ဝိတ်တာလေးက ပျူပျူငှာငှာမေးလေသည်။

"ဘီယာတစ်ဂျား ဝက်နံ့ကင်တစ်ပွဲ"

သိပ်မကြာ ဝိတ်တာလေးက မှာယူထားသော ပစ္စည်းများကို လာချပေးသည်။ ဘီယာဆိုင်မှာ ကျယ်ဝန်းလှသလို သန့်သန့်ရှင်းရှင်းနှင့် အပြင်အဆင်ကောင်းလှပါ၏။ ဆိုင်ထဲတွင် လူများများစားစားမရှိလှပါ။ ကျွန်တော်နှင့်ဆိုလျှင် သုံးဝိုင်းလောက်သာသောက်သူရှိနေသည်။

ပထမဦးဆုံးခွက်ကို၊ တစ်ဝက်နီးပါးမော့လိုက်ပြီး ဝက်နံ့ကင်တစ်ဖက်ကို ကောက်မြည်းနေလိုက်သည်။

အစာအိမ်ထဲ ဘီယာဝင်သွားသောအခါ အတန်ငယ်လန်းဆန်းသွားသည်။

"တစ်ကောင်ကြွက်ကို ဘယ်မှာသွားရှာရမလဲ။ ဒုက္ခပါပဲ"

ပြောသာပြောရသည် တစ်ကောင်ကြွက်အား ရှာရမည့်ကိစ္စမှာ မလွယ်လှ သူလာချင်လျှင်သာ ကျွန်တော့်ထံ တံခါးမရှိဓားမရှိ ဝင်လာတတ်သော်လည်း သူ့ကိုကိုယ်ကရှာမည့်အတွက်တော့ ခက်ခဲနေတတ်၏။

ဘီယာတစ်ခွက်ကုန်သွားပြီးနောက် ဆိုင်ဝသို့ ငေးရီရီလေးရှိနေခိုက်...

"ဟေး"

ကျွန်တော်အားတက်သွားသည်။

ညည်းတွားနေဆဲခိုက်တွင်ပင် တစ်ကောင်ကြွက်မှာ မော်ဒယ်လေးတစ်ယောက်လို စတိုင်လ်အပြည့်ဖြင့် ဆိုင်ထဲဝင်ရောက်





လာပေပြီ။

အပေါ်က ဦးထုပ်အနက်၊ လောင်းကုတ်အရှည်ကြီးနှင့် ဘောင်းဘီအနက်ရောင်တို့ကို ဝတ်ဆင်ထားသည်။

"ဒီကောင့်စတိုင် တော်တော့်ကို မိနေပါလား"

သူ အနားသို့ရောက်လာသည့်အခါ ...

"ကျေးဇူးရှင် ပေါ်လာသေးတယ်နော်"

သူက မခို့တရို့လေးပြုံးကာ ကျွန်တော့်ရှေ့သို့ဝင်ထိုင်လိုက်၏။

"မင်း ငါ့ကိုရှာနေတာမဟုတ်လား။ သိတယ်၊ သိတယ် အဲဒါကြောင့် အပျံစားဝတ်ပြီးလာခဲ့တာ"

"ငါဘာတွေ ခံစားနေရတယ်ဆိုတာ မင်းသိလား"

"အဲဒါတွေ အသာထားလိုက်စမ်းပါ မင်းငါ့ကို အရက်တိုက် ဘီယာလောက်နဲ့ တိုးမှာမဟုတ်ဘူး။ ရမ်တစ်ပြားမှာ၊ ခွက်တစ်လုံးတောင်း၊ ပြီးမှ အေးအေးဆေးဆေး စကားပြောမယ်"

ထို့ကြောင့် သူ့စိတ်တိုင်းကျမှာပေးလိုက်ရ၏။

ဝိတ်တာလေးက ရမ်တစ်ပြားကိုလာပေးသည့်အခါ..

"ခွက်တစ်လုံးပေးဦးလေကွာ ဘယ်လိုသောက်ရမလဲ"

"ဘယ်သူ့အတွက်လဲ အစ်ကို"

"မင်းရှေ့မှာ ထိုင်နေတာ မတွေ့ဘူးလား။ သူက အဲဒါသောက်မှာ"

"ခင်ဗျာ"

ဝိတ်တာလေးက ခေါင်းကုတ်သွားသည်။

"ဟော့ကောင် တစ်ကောင်ကြွက် တော်ပြီလား။ အမြည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာမှာချင်သေးလဲ''

''ရတယ် တော်ပြီ လိုမှထပ်မှာမယ်''

''ကဲ. . . လိုမှထပ်မှာမယ်တဲ့။ မင်းသွားလို့ရပြီ''

ဝိတ်တာလေးမှာ အလွန်အမင်းအံ့ဩနေပုံရသည်။ သူ တစ်ကောင်ကြွက်ကို မြင်ပုံမပေါ်၊ ခက်တော့ခက်နေပြီ။ ကျွန်တော့်ကို လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွားသည်။

တစ်ကောင်ကြွက်က ပထမ အရက်တစ်လုံးကို မော့လိုက်ပြီး. . .

''ကောင်မလေးက မင်းကို မလိမ့်တစ်ပတ်လုပ်ပြီး ဘက်ကီးရိုက်သွားပြီမို့လား''

''ကြားသမျှတော့ အဲ့ဒီအတိုင်းပဲ''

''ကောင်မလေး ကျောက်စိမ်းဆွဲကြိုးကို ဘာကြောင့် ပြန်ပေးတယ်ထင်လဲ''

''မမထွင်တဲ့ အကွက်တွေပဲ ဖြစ်မယ်''

''ငါလည်း အဲသလိုပဲတွေးတယ်။ မင်းစဉ်းစားကြည့်လေ၊ သက်သေခံပစ္စည်းရတာနဲ့ မင်းကို ကွိခနဲဖမ်းလိုက်မှာပေါ့။ ဒါကို ကောင်မလေးက သိသွားလို့ မင်းကိုသနားပြီး. . .''

''စိတ်ရှုပ်တယ်ကွာ။ ငါကတော့ ဒါတွေအားလုံး မင်းလုပ်တာလို့။ ရဲကိုဖြောင့်ချက်ပေးရမှာပဲ''

သူက ထုံးစံအတိုင်း ခနော်ခနဲ့ရယ်မောလေသည်။

''ကောင်းမြတ်ငြိမ်း မင်းတော်တော်တုံးသေး အ,သေးတာပဲနော်''

''ထင်ချင်သလိုထင်ကွာ။ ငါ့မှာမင်းကနိုပ်စက်လိုက် တိမ်





လွှာကနိုပ်စက်လိုက်၊ သေဖို့ပဲရှိတယ်''

''စိတ်ပျော့လိုက်တာကွာ။ မိန်းကလေးကျနေတာပဲ''

''ပြောချင်ရာပြောကွာ ငါမင်းကိုတွေ့ချင်နေတာ။ ဘာဆက်လုပ်ရမှန်းမသိလို့''

''လွယ်လွယ်လေး မင်းငါနဲ့လိုက်ခဲ့''

''လုပ်ပြန်ပြီ''

''လူဆိုတာ ကိုယ်ဘာလုပ်ရမယ်ဆိုတာ ကိုယ်တိုင်သိဖို့ အရေးကြီးတယ်။ လုပ်သင့်တာဆိုလုပ်ကိုလုပ်လိမ့်မယ်။ ခုလက်ရှိ ဘာလုပ်ရမယ်ထင်လဲ''

''ဘာလုပ်ရမှာလဲ''

''ကိုကိုဇော်ကိုသတ်ဖို့''

''ဘာ''

''ဘာတွေညာတွေလုပ်မနေနဲ့ ဒီလိုယောကျာ်းတွေရှိသ၍ ငါတို့သိက္ခာကျတယ်။ ခုဆို တိမ်လွှာလေးမှာ မျက်ရည်နဲ့မျက်ခွက်။ အဲ့ဒီကောင် လုလုပပမယုတ်မာခဲ့ဘူးလို့ မင်းဖြေနိုင်လား။ ငွေရှိတိုင်း ထင်ရာဖွတ်လုပ်နေတဲ့လူတွေ ဒီလိုအကျင့်စရိုက်မျိုးကို လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး။ သတ်ပစ်တာအေးတယ်''

ကျွန်တော်က အထိတ်တလန့်ဖြစ်စွာ. . .

''မင်း အမှားတွေများနေပြီနော်။ တစ်ကောင်ကြွက်''

''မကြောက်စမ်းပါနဲ့ကွာ. . . ဘယ်ခါလုပ်လုပ်ပိပိရိရိရှိပါတယ်''

''မပြောတတ်တော့ဘူးကွာ။ စိတ်တွေရှုပ်ကုန်ပြီ''

ကျွန်တော်ခေါင်းကို လက်နှစ်ဖက်ဖြင့်ထောက်ကာ မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးမှိတ်ထားလိုက်၏။ ဟုတ်သည်။ ကိုယ်တိုင်လည်း ဘာဆက်လုပ်ရမှန်းမသိတာ။

"မနက်ကတောင် ဒီကောင်တွေမင်္ဂလာပွဲကို လှူကြဲနဲ့လက်ဖွဲ့ပေးလိုက်သေးတယ်။ ဘာလို့မင်းထင်လဲ။ အရမ်းအဆိပ်ပြင်းတဲ့ ကင်းခြေများအရှင်တစ်ကောင်နဲ့ နှင်းဆီတစ်ပွင့်။ ဒါပေမဲ့ သိပ်မသေချာဘူး။ သေစေချင်တာက ကိုကိုဇော်။ ဒါကြောင့် သူတို့မင်္ဂလာဦးညမှာစံမြန်းမယ့် အိမ်သစ်လေးကိုသွားမလို့"

ကင်းခြေများနှင့်နှင်းဆီပွင့်အကြောင်းကို ကျွန်တော် သိနေသလိုပင် လက်ကျန်ခွက်ကိုမော့လိုက်ပြီး . . .

"ပြောနေကြာတယ်ကွာ။ မင်းမလိုက်ရဲဘူးမို့လား။ လူကြောက်ပဲ။ နေခဲ့ပေါ့။ ငါသွားမယ်"

သူကပြောပြောဆိုဆို မတ်တတ်ထရပ်သည်။

"ဟေ့ကောင် တစ်ကောင်ကြွက်နေဦး"

တစ်ချက်ကလေးမှလှည့်မကြည့်ဘဲ ထွက်ခွာပျောက်ကွယ်သွားပါသည်။

"မဖြစ်သေးပါဘူး။ အားလုံးရှုပ်ကုန်တော့မှာပဲ ရှင်းမယ်ဟေ့"

ကျွန်တော်က စားပွဲထိုးကို လှမ်းခေါ်လိုက်သည်။

"ဘယ်လောက်ကျလဲ"

ငွေများရှင်းပေးပြီးသော်လည်း ကောင်လေးက အူကြောင်ကြောင်နိုင်စွာ ကျွန်တော့်ကိုကြည့်လျက် . . .

"အစ်ကို ဘယ်သူနဲ့စကားပြောနေတာလဲဟင်"

"ငါ့သူငယ်ချင်းနဲ့ပြောနေတာ မင်းမမြင်ဘူးလား"





"ကျွန်တော်ကတော့ အစ်ကိုတစ်ယောက်တည်းပြောနေတာပဲမြင်တယ်"

"ဘာကွ"

ကျွန်တော့အသံက တော်တော်ကျယ်လောင်သွားသည်။

သတိထားကြည့်ဖြစ်တော့ ဆိုင်တွင်းရှိ လူတွေက ကျွန်တော့်ကို ဝိုင်းကြည့်နေတာတွေ့ရ၏။ သူတို့ဘယ်တုန်းကတည်းက ကြည့်နေကြတာပါလဲ။

ထို့ကြောင့် ရှက်ကိုးရှက်ကန်းဖြင့် ဆိုင်ပြင်သို့ထွက်လာခဲ့၏။

"ဘယ်လိုလူတွေလဲ မသိပါဘူး"

အပြင်ဘက်တွင် မိုးက အားကောင်းမောင်းသန်ရွာချနေ၏။

ကျွန်တော် တစ်ကောင်ကြွက်ကိုစိတ်မချနိုင်ပါ။ မတော်တာတွေ လျှောက်လုပ်နေမှာစိုးသည်။ အမှောင်ထုကလည်း တော်တော်ကြီးစိုးနေ၏။

မိုးရွာထဲငြိမ့်ငြိမ့်လေးလျှောက်နေစဉ် ကျွန်တော့်အာရုံသိစိတ်တို့က . . .

ကိုကိုဇော့်အိမ်သို့ ရောက်သလိုဖြစ်နေသည်။

ကိုကိုဇော့်အိမ်သို့ ဝင်သည်။

ပြတင်းပေါက်မှ ချောင်းကြည့်သည်။

စက္ကူဘူးကို ဖောက်နေသောမိန်းမ။

အထိတ်တလန့် လွှင့်ပစ်ခဲ့ပုံများ။

ကားမောင်း၍ ပြန်လာသော ကိုကိုဇော် ပြီးတော့ အားတစ်



www.burmeseclassic.com

www.burmeseclassic.com



လက်။

“အား”

သွေးများအိုင်သွန်းသွားမှ ကားဂိုဒေါင်သို့လိုက်လာသော မိန်းမနှစ်ယောက်။ တစ်ယောက်က လဲကျသွား၏။

“မဖြစ်ဘူး။ မဖြစ်ဘူး။ တစ်ကောင်ကြွက်ထင်ရာတွေ စွတ်လုပ်နေပြီ”

ကျွန်တော် တစ်ဟုန်ထိုးပြေးလာခဲ့သည်။

ကိုကိုဇော် ခြံအနီးသို့ရောက်လာသည့်အခါ ကျွန်တော်နှင့် တစ်ကောင်ကြွက်ဆုံကြသည်။

“ဟေ့ကောင်.. မင်း.. မင်း”

“သွေးအေးအေးထားစမ်းပါကွာ.. မကြောက်စမ်းပါနဲ့”

“ရော့..”

တစ်ကောင်ကြွက်က ဓားတစ်လက်ကို ကျွန်တော့်လက်တွင်းသို့ထည့်သည်။ သေွးများက ရဲရဲညီညီ။

“ဟေ့ကောင် မင်းဒါဘာလုပ်တာလဲ”

သည်တစ်ခါ တစ်ကောင်ကြွက်၏မျက်နှာမှာ အလွန်တည်နေသည်။ အသေအချာ အလေးအနက်ဖြစ်နေသည့် ပုံစံမျိုး။

သို့သော် ဘာတစ်ခွန်းမှမပြောဘဲ လှည့်ထွက်သွားပါတော့၏။

“ဟေ့ကောင်.. ဟေ့ကောင်။ ဘယ်လဲ.. ဘယ်သွားမှာလဲ”

ကျွန်တော့်အသံ တော်တော်ကျယ်သွားသည်။

တစ်ပြိုင်နက်ဆိုသလိုပင် ကျွန်တော့်ကိုယ်ပေါ်သို့ လက်နှိပ်





ဓာတ်မီးအလင်းရောင်များ ထိုးကျလာပြီး

“ဒီကောင့်ကို လက်ထိပ်ခတ်လိုက်ကြစမ်း”

ရဲတွေ ရဲတွေ အင်းအားသုံးကာ ဖမ်းချုပ်လိုက်ကြသည်။

ကျွန်တော် ယောင်ရမ်း၍ရုန်းသော်လည်း အရာမဝင်တော့ပါ။

လက်နှစ်ဖက်ကို နောက်ပြန်ထားလျက် လက်ထိပ်ခတ်လိုက်ကြပေပြီ။

“ကျွန် ... ကျွန် ... ကျွန်တော်မဟုတ်ဘူး”

“ကျွန်တော် မသတ်ဘူး”

“ကိုကိုဇော်ကို သတ်လိုက်တာ တစ်ကောင်ကြွက်”

ကျွန်တော် အရူးတစ်ယောက်လို အော်ကြီးဟစ်ကျယ်ဖြင့် အော်နေဆဲမှာပင် သူတို့က ကားဆီသို့ ခေါ်ဆောင်သွားနေကြပြီ။

ကျွန်တော့်အဖြစ်က ဘယ်လောက်များ သနားစရာကောင်းလိုက်ပါသလဲ။

ဖ



www.burmeseclassic.com

www.burmeseclassic.com

## (၁၅) ကျွန်တော်မဟုတ်သော ကျွန်တော့်ကိုယ်ပွား

ရွာသာကြီးရှိ စိတ်ကျန်းမာရေးအထူးကုဆေးရုံကြီး။

ဆရာဝန်က ကျွန်တော့်ကို ရှေ့မှ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်စေလျက် ရဲအုပ်နှင့် လူကြီးတချို့ကို စကားတွေပြောနေသည်။

"ဒီရောဂါဖြစ်လာရတဲ့ဇစ်မြစ်ကတော့ မိဘနှစ်ပါးရဲ့မေတ္တာ ဝေမျှမှုမှ ယေယေရှယ်ရှယ် အသက်နဲ့မလိုက်ဖက်အောင် စိတ်ဖိစီးမှုဒဏ်တွေခံရမှု၊ အဖော်မဲ့အထီးကျန်ဆန်မှုတွေက စတင်လာတာပါပဲ။ အထူးသဖြင့်တော့ ငယ်ရွယ်စဉ်မှာ မိဘတွေရဲ့ ချစ်ခြင်းမေတ္တာ ဝေမျှမှုတွေဟာ စိတ်ကိုအနာဟာရပိုဖြစ်စေတတ်တာပါပဲ။ အဆိုးဆုံးတွေက မိမိခံစားနေရတာတွေကို တစ်ယောက်ထည်း ကြိတ်မှိတ်ခံစားပြီး ရင်မဖွင့်နိုင်ဘဲ မျိုသိပ်ရတာတွေများလာ





တော့ ဒုတိယကိုယ်ပွားကို စတင်တွေ့ရှိတော့တာပဲ။

ကိုယ့်ကိုကို မကျေနပ်တာတွေ၊ အလိုမကျတာတွေ၊ အားလုံးကို အရွဲ့တိုက်ပစ်ချင်တဲ့စိတ်တွေ ဒါတွေဟာ သူ့ဆီမှာ အလိုလိုတွယ်ကပ်လာခဲ့တယ်။ သူကိုယ်တိုင်က နူးနူးညံ့ညံ့သမားဆိုတော့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ကြမ်းကြမ်းရမ်းရမ်းလူတစ်ယောက်ကို စိတ်ကူးထဲမှာ အလိုလိုပုံဖော်လာတတ်ကြတယ်။

သူပြောနေတဲ့ တစ်ကောင်ကြွက်ဆိုတာ အမှန်တော့ ဘယ်သူမှမဟုတ်ဘူး။ သူကိုယ်တိုင်ပဲ တစ်ယောက်ထဲ စိတ်နှစ်စိတ်ကိုယ်နှစ်ကိုယ်ဖြစ်နေတဲ့သဘောပါ။ အရှင်းဆုံးဆိုရရင် အသိစိတ်နဲ့ မသိစိတ်ပေါ့ဗျာ။ လူမှာကောင်းမှုနဲ့ မကောင်းမှုကို ဆင်ခြင်သိနဲ့ သိနိုင်ပေမယ့် သူတို့ကတော့ ဒီလိုမဟုတ်တော့ဘူး။

ကောင်းမြတ်ငြိမ်းနဲ့ တစ်ကောင်ကြွက် တစ်လှည့်တစ်ပြန်စီဖြစ်နေတာ။ တစ်ကောင်ကြွက်လုပ်သမျှ ကောင်းမြတ်ငြိမ်းသိနေတယ်။ ဒါပေမဲ့ မသိချင်ယောင်ဆောင်တယ်။ မသိသလိုနေတယ်။

ဘာပဲပြောပြော တရားခံကတော့ သူပါပဲ။

ထိုစကားကြောင့် ကျွန်တော် အကြီးအကျယ် ဒေါပွသွားတော့တယ်။

"မဟုတ်ဘူး။ ကျွန်တော် မသတ်ဘူး။ မသတ်ဘူး"

"ကောင်းမြတ်ငြိမ်း။ မင်းစိတ်ကို ထိန်းထားစမ်း"

ရဲအုပ်က ကျွန်တော့်ကိုလှမ်းငေါက်သည်။

ကံကောင်းချင်တော့ ကျွန်တော်တို့ရှေ့မှောက်သို့တစ်ကောင်ကြွက်ရောက်လာပါ၏။

"ဟေ့ကောင် တစ်ကောင်ကြွက်။ မင်းလုပ်ခဲ့တဲ့မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



မင်းဝန်ခံလိုက်စမ်း။ အခု . ငါ့ကိုသူတို့က အထင်မှားပြီး ဖမ် ဘား ကြပြီ။ မြန်မြန်ပြောလိုက်လေကွာ''

တစ်ကောင်ကြွက်က သူ့ဟန်ပန်အတိုင်းမချိုမချဉ်မျက်နှာပေးနှင့်

''မင်းကိုတစ်ခါက ငါပြောဖူးတာပဲ။ ငါဟာ မင်းအတွက် အမြဲတမ်းကာကွယ်ပေးနေတဲ့ ကိုယ်ရံတော်တပ်မှူးကြီးဆိုတာလေ။ ဒါပေမဲ့ မင်းကိုဗန်းပြပြီး ငါလုပ်ချင်တာတွေ လုပ်ပိုင်ခွင့်ရှိတယ်လေ။ တစ်ခုခုဖြစ်လာရင်တော့ မင်းခံလိုက်ပေါ့''

သွားပြီ။

ကျွန်တော်အကြီးအကျယ် အထိနာခဲ့ရလေပြီ။

ထို့ကြောင့် ကျွန်တော် အားပါးတရကုန်းအော်လိုက်၏။

''ခွေးသူခိုး။ မင်း . . မင်း လူပါးမဝနဲ့။ မင်းလုပ်ချင်ရာ လုပ်တိုင်း ငါက လည်စင်းခံရမှာလားကွ။ မိစ္ဆာကောင် မကောင်းဆိုးဝါးကောင်။ ဒီမယ် ဒီမယ် တာဝန်ရှိတဲ့လူတွေ။ ခင်ဗျားတို့ ဒီအတိုင်းကြည့်နေကြတော့မှာလား။ ကျုပ်ရှေ့ကကောင်က တရားခံစစ်စစ်ဗျ။ သူ့ကိုရိုက်စစ်ရင် အားလုံးပေါ်မှာ ခင်ဗျားတို့တော်တော်ညံ့တဲ့လူတွေ''

''မင်းရှေ့မှာ ဘာမှမရှိဘူး။ ကောင်းမြတ်ငြိမ်း စိတ်ငြိမ်ငြိမ်ထားစမ်းပါကွာ''

တစ်ကောင်ကြွက်က ကျွန်တော့်ကို ကြည့်လျက် ရယ်မောရင်း

''ဟား . . ဟား . . ဟား . . . ကိုင်း . . မင်းလည်း အေးအေးဆေးဆေး ဆေးကုခံလိုက်ဦး။ ဒေါ်သတွေစွတ်ကြီးမနေနဲ့





စိတ်ငြိမ်နိုင်ရင် ဘာသာရေးအလုပ်တွေများများလုပ်လေ။ ကိုင်း ငါလစ်ပြီကွာ။ ဘိုင့် ဘိုင့်''

''ဟော့ကောင် တစ်ကောင်ကြွက် မင်းလူလည်မကျနဲ့။ ခု . . ပြန်လာခဲ့စမ်း''

ဆရာဝန်က လူနာထိန်းများကိုခေါ်ကာ

''သူ့ကို ဆေးတိုက်ပြီး အခန်းထဲပြန်ခေါ်သွားလိုက်ပါ''

''ကျွန်တော် ဘာဖြစ်လို့ဆေးသောက်ရမှာလဲ။ ရူးနေလို့လား။ မရူးဘူး။ မရူးဘူး။ ကျွန်တော် မရူးဘူး''

မျှော်လင့်ချက်တွေ ကုန်ဆုံးသွားခဲ့ပြီမို့ ကျွန်တော်အလွန်အမင်း စိတ်ဓာတ်ကျခဲ့ရပါသည်။ သူတို့က ကျွန်တော့်ကို အခန်းအတွင်းသို့ ဖမ်းဆီးချုပ်နှောင်ခေါ်သွားကြ၏။ ကျွန်တော်ဘာမျှ မစွမ်းသာတော့ပါ။

''ကျိမ်း''

⌘



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အနိုင်အမာ စကားတစ်ခွန်းကို ဆိုဝံ့ပါသည်။

ကျွန်တော် အနွေးထည်ရောင်းသည့်လူကြီးရော ကိုကို ဖော်ဆိုသည့်လူရော တကယ်မသတ်ခဲ့ပါ။

ထိုစကားသည် မှန်ကန်စွာဆိုခြင်းဖြစ်ပါသည်။

ကျွန်တော်လူသတ်သမားမဟုတ်ပါ။ အမှန်တကယ် သတ်သူမှာ တစ်ကောင်ကြွက်သာ ဖြစ်ပါသည်။

ကျွန်တော့်စကားကို ယုံကြည်မည့်သူတစ်ဦးတစ်ယောက်မျှ မရှိတော့ဘူးလား။

ကျွန်တော့်ကိုယုံကြည်မည့်သူ တစ်ယောက်ယောက်တော့ ရှိသင့်ပါသည်။ ရှိစေချင်ပါသည်။ နောက်ဆုံး.. ဘယ်သူမှ မယုံကြည်သည့်တိုင်၊ ခင်ဗျားတစ်ယောက်တော့ ကျွန်တော့်ကို အပြည့်အဝနားလည်ပေးလိမ့်မည်ဟု ထင်ပါသည်။

ပြုံး...
ဂန္ဓာရီဝိဇ္ဇာ
2-4-09

ရယ်ချင်သူများအတွက်

အချစ်ဟာသဝတ္ထု

သျှင်ဂွမ်းဂွိ

လမ်းဆို

✲ အချိန်မကာန်လို့
မျက်ရည်မကျရသေးဘူးဆိုရင်
ရင်ထဲကျိတ် ကြေကွဲနေရမှာလား
အားလုံးပျော်ဖို့
နောက်ဆုံးပြုံးပြချိန်မှာတောင်
ကျွန်မရဲ့မျက်ရည်တွေက
အရှက်ကင်းကင်းနဲ့
ပါးပေါ်ကျနေတယ်လေ . . .

မှုံမှိုင်းအောင်စာပေ မှ ထွက်တော့မည်



www.burmeseclassic.com